ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 March 2023 ၁၁၀၄၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အသုံးစရိတ်များလျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည့် လုပ်ငန်းများနှင့် ပြည်သူ့လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် အသုံးစရိတ်များကို ဦးစားပေးလျာထားသုံးစွဲ

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၁

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်(၁/၂၀၂၃) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ
စာမျက်နှာ » ၄

မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု
ဆောင်းပါး
စာမျက်နှာ » ၈

ဝိုင်းဝန်းကူညီနှိမ်နင်းကြစို့ ...
ဆောင်းပါး စာမျက်နှာ » ၁၁

ယခုနှစ် ပထမနှစ်လအတွင်း တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သိသာစွာတိုးတက်
စာမျက်နှာ » ၁၃

ကြေးမုံ

စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှ

"နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် ရပ်တည်ဆောင်ရွက်ရကြောင်း၊ စည်းလုံးညီညွတ်မှုရှိသည့် နိုင်ငံသားများဖြင့် ရပ်တည်ဆောင်ရွက်မည်ဆိုပါက နိုင်ငံရေးအားကောင်းမွန်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ကာကွယ်ရေးကိုတည်ဆောက်နိုင်ပါက နိုင်ငံတကာတွင် အထိုက်အလျောက်ဩဇာရှိနိုင်ကြောင်း၊ မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေနိုင်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတ်လ ၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်သည်ကို နိုင်ငံအများက နားလည်သဘောပေါက်ကြ၍ နိုင်ငံမည်သို့ရှိနေသည်ဖြစ်စေ စီးပွားရေးမောင်းနှင်အားကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်နေပါက နိုင်ငံရေးနှင့်ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်ပြီး နိုင်ငံကို အရှိန်အဟုန်မပြတ်လည်ပတ်ကာ ကာကွယ်စောင့်ရှောက်နိုင်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ကို စတင်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်နှင့် ပြည်သူလူထုဘဝအေးချမ်းသာယာဝပြောအောင်ဆောင်ရွက်ရင်း တစ်ဖက်တွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ဦးတည်ချက်(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် "စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟူသည့် စီးပွားရေးဦးတည်ချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်စေရေးနှင့် လူအများစီးပွားရေးကောင်းမွန်စေမည့် လမ်းကြောင်းကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အသေးစား၊ အလယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ မူဝါဒမှာ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေ ရင်းနှီးမတည်ငွေများ လွှဲအပ်ပေးထားသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရန် ခရိုင် ၅၀ တွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သိပ္ပံကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ၎င်းမှတစ်ဆင့်တက်၍ ကောလိပ်နှင့်တက္ကသိုလ်များကို တက်ရောက်သင်ကြားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်နှင့်နည်းပညာလိုအပ်ချက်များကြောင့် သဘာဝအရင်းအမြစ်များ အပြည့်အဝရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသေးပေ။ ယခုအခါတွင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အလယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေပြီး အခြားလိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီဖြစ်၍ နိုင်ငံ့စီးပွားမြင့်မားရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရေးအတွက် အားလုံးစည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာပါက ရောင်းဝယ်ဖောက်ကားမှုများ ကောင်းမွန်လာမည်ဖြစ်သည်။ ဒေသတွင်းမှထွက်ရှိသော စိုက်ပျိုးရေးကုန်ကြမ်းများကို ကုန်ကြမ်းအတိုင်းသာ ရောင်းချပါက အကျိုးအမြတ်နည်းပါးမည်ဖြစ်၍ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး အမြတ်အစွန်းများလာအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ အရည်အသွေးမြင့်ပြည်တွင်းထုတ်ကုန်များကို အသုံးပြုခြင်းဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်ကောင်းမွန်လာပြီး ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားငွေအပိုကုန်ကျမှုလျော့နည်းကာ နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့်ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်လာပြီး နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်၍ စီးပွားရေးမောင်းနှင်အားကောင်းမွန်အောင် စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

(၇၈)နှစ်မြောက်တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၁

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကိုဦး ဦးစီး၍ အရာရှိ/တပ်ဖွဲ့ဝင် စုစုပေါင်း၃၀ သည် ယနေ့နံနက်ပိုင်းက လောက်ကိုင်မြို့ အမှတ်(၁၄) ခုတင်(၁၀၀)၊ တပ်မတော်စစ်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များကို ဗိုလ်မှူးလှမြင့်သိန်း(ရောဂါဗေဒပါရဂူ)က အားဖြည့်ဓာတ်စာများ ပြန်လည်ပေးအပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၃ -၂၀၂၃)

ကုမ္ဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၂၀၀	၈,၂၀၀	၅	၄၁,၀၀၀
MTSH	၃,၂၀၀	၃,၁၅၀	၂၇၅	၈၆၈,၉၀၀
MCB	၇,၅၀၀	၇,၅၀၀	၂	၁၅,၀၀၀
FPB	၁,၆၀၀	၁,၆၀၀	၃,၇၃၃	၅,၉၇၂,၈၀၀
TMH	၂,၆၅၀	၂,၆၅၀	၂၅	၆၆,၂၅၀
EFR	၂,၆၅၀	၂,၆၅၀	၆၆၇	၁,၇၆၇,၅၅၀
AMATA	၄,၉၀၀	၄,၉၀၀	၉	၄၄,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၁

နိုင်ငံခြားငွေလဲလှယ်နှုန်း							
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀	(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၄၀၂.၆
(ခ) ဥရောပ	တစ်ယူရို	=	၂၂၅၅.၇	(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၇၀.၃
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၅.၆၇	(စျ) ဂျပန်	တစ်ရာယန်း	=	၁၅၈၇.၂
(ဃ) ထိုင်း	တစ်ဘတ်	=	၆၁.၁၈၀	(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၀.၈၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၉.၅၄				
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၃၉၇				

မြန်မာငွေကျပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယတန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖြ၁၂ဖြ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖြ၁၂၈၊ ၀ဖြ၇-၃ဖြ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖြ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖြ၁၀ဖြ၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

☆ ရှေ့ဖုံးမှ

ဦးစွာဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၁/၂၀၂၃) သည် **"၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း" "ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း"**တို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်ပေးပို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရအသုံးလျာထားချက်များဖြစ်

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၁၂ ရပ်တို့ကို ချမှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်သည် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက် ၁၂ ရပ်တို့ကို ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးလျာထားချက်များဖြစ်ပါကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် ၄ ရပ်ဖြစ်သည့် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" "စျေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး" "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး"** တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ကြီးဌာနအသီးသီးက ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံးစရိတ်များ သတ်မှတ်သုံးစွဲကြရမည်ဖြစ်ပါကြောင်း။

ဌာန၊ အဖွဲ့အစည်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားရာတွင် အမှန်အကောင်အထည်

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းရှင်းလင်းတင်ပြစဉ်။

ဖော်နိုင်မှု နီးစပ်အောင်လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ လျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည့်လုပ်ငန်းများနှင့် ပြည်သူ့လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် အသုံးစရိတ်များကို ဦးစားပေးလျာထားသုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ်တကျ စိစိစစ်စစ် သုံးစွဲခြင်း စသည့်အချက်များကို လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း။

တာဝန်သိနိုင်ငံအဖြစ် ခံယူရပ်တည်

ကြွေးမြီဆိုင်ရာ အသုံးစရိတ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ကရယူထားသည့် ပြည်ပချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် မိမိတို့အနေဖြင့် တာဝန်သိနိုင်ငံအဖြစ် ခံယူရပ်တည်ပြီး အချိန်စေ့ရောက်သည့် အရင်းအတိုးများကို သူ့အချိန်နှင့်သူ ပေးဆပ်နိုင်ရန် ဦးစားပေးထည့်သွင်းလျာထားခွင့် ပြုထားပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ ဖြစ်ပေါ်လာသည့် ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးကျဆင်းမှုအခြေအနေ၊ နိုင်ငံသုံးငွေတန်ဖိုးကျဆင်းမှုအခြေအနေ၊ လောင်စာဆီနှင့် အထွေထွေကုန်ပစ္စည်းစျေးနှုန်းများ မြင့်တက်လာမှုအခြေအနေစသည့် အခြေအနေအရပ်ရပ်ကြောင့် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာတွင် အထူးဂရုပြုပြီး စီမံခန့်ခွဲသုံးစွဲရန် လိုအပ်လာပါကြောင်း။

ထို့ပြင် နိုင်ငံတော်တွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ အားကစား၊ သာသနာရေးနှင့် ယဉ်ကျေးမှု စသည့်အသုံးစရိတ်များကိုလည်း လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ Budget Allocation ဟုခေါ်သည့် အသုံးစရိတ်များ ခွဲဝေချထားရာတွင် ပြည်ထောင်စု၏ ရငွေအခြေအနေအပေါ် မူတည်၍ ခွဲဝေရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့လျာထားသည့် ရငွေများကို ပြည့်ပြည့်ဝဝရရှိမှသာ မိမိတို့လျာထားသည့် အသုံးစရိတ်များကိုလည်း ပြည့်ပြည့်ဝဝ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရေး၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ စာရင်းစစ်ဆေးမှုခံယူရေး စသည်တို့ကိုလည်း အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်လင်းတင်ပြမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထပ်ဆင့်စိစစ်ခဲ့

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ စိစစ်ထားသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် မိမိအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာသုံးစွဲနိုင်မည့် အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များနှင့် အခြားမဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များကို ထပ်ဆင့်စိစစ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့သည့်ငွေများကို နှစ်လတ် ဘဏ္ဍာရေးမူဘောင် တည်ဆောက်၍ လူမှုစီးပွားရေး အခြေပြု ညွှန်းကိန်း(၆)ခုကို အသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အချိုးကျမျှတမှုရှိစေရန် နှစ်စဉ် ခွဲဝေလျာထားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ၊ စစ်ဆေးတွေ့ရှိချက်များအပေါ် သုံးသပ်တွေ့ရှိချက်များနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုပြင်လိုက်နာဆောင်ရွက်သွားရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်တင်ပြသွားမည်

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ **"ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း"**တို့ကို စိစစ်အတည်ပြုပြီးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့လျာထားသည့်အတိုင်း ရငွေများရရှိစေရန်၊ မိမိတို့လျာထားသည့်အတိုင်း သုံးငွေများကို အချိန်မီသုံးစွဲနိုင်စေရန် ဌာန၊ အဖွဲ့အစည်း အကြီးအမှူးများကိယ်တိုင် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်အတွက် ရငွေများဖြစ်သည့် အခွန်အကောက်မှ ရရှိငွေများကို တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်အောင် သက်ဆိုင်ရာဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အခွန်အကောက်မဟုတ်သောရငွေများဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများ တိုးတက်လာစေရန်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အထူးကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ဌာန အဖွဲ့အစည်းများ၏ ပကတိအခြေအနေကို စနစ်တကျ စိစစ်သုံးသပ်ပြီး လျာထားချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် စီမံကိန်းနှင့် ဘတ်ဂျက် ဆက်စပ်ဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရငွေ၊ သုံးငွေနှင့် စပ်လျဉ်း၍လည်း စာရင်းစစ်ဆေးမှုကို စနစ်တကျ ခံယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အရေးကြီးသကဲ့သို့ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးမြှင့်တင်လျက်ရှိပြီး ဘတ်ဂျက်ခွဲဝေချထားပေးသည့် အသုံးစရိတ်များမှာ ထည့်သွင်းလျာထားပေးထားသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ **စာမျက်နှာ ၄ သို့** ☆

❖ ဌာန၊ အဖွဲ့အစည်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားရာတွင် အမှန်အကောင်အထည်ဖော်နိုင်မှု နီးစပ်အောင်လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ လျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည့် လုပ်ငန်းများနှင့် ပြည်သူ့လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် အသုံးစရိတ်များကို ဦးစားပေးလျာထားသုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ်တကျ စိစိစစ်စစ်သုံးစွဲခြင်း စသည့်အချက်များကို လိုက်နာဆောင်ရွက်ကြစေလို

☆ စာမျက်နှာ ၃ မှ

ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစသည့် ရန်ပုံငွေများကို ထူထောင်ပေးထားပြီး ရင်းနှီးမြှုပ်နှံငွေလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ကုန်သွယ်မှုလိုင်ငွေများဖြစ်ပေါ်ခဲ့

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုနည်းပါးပြီး ပြည်တွင်းသုံးစွဲမှု မလုံလောက်သည့်အတွက် ပြည်ပမှ သွင်းကုန်တင်သွင်းမှုကိုသာ အားထားဆောင်ရွက်ခဲ့ရသဖြင့် ကုန်သွယ်မှုလိုင်ငွေများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့် နိုင်ငံပိုင်စက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးကောင်းကောင်းနှင့် လုံလုံလောက်လောက် ထုတ်လုပ်ပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည်လည်း အရေးကြီးသည့်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် သက်ဆိုင်သော အသုံးစရိတ်များကိုလည်း တိုးမြှင့်ပေးထားပါကြောင်း၊ တစ်ဖက်ကလည်း ကာလတိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်ရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်လေ့လာဆောင်ရွက်စေလိုပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို တိုးတက်ထုတ်လုပ်နိုင်စေရန် ဆောင်ရွက်ရသကဲ့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအပိုင်းတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်ရေး၊ ဓာတ်အားဝယ်ယူမှု၊ ဖြန့်ဖြူးရောင်းချမှုများကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အားလုံးအနေဖြင့် နိုင်ငံတော်ကချမှတ်ဆောင်ရွက်လျက်ရှိသည့် ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဋ္ဌမနေ့ ဆက်လက်ကျင်းပ

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၅၇၆ တွဲ ရောင်းချနိုင်ခဲ့

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက စျေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။

မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

နေပြည်တော် မတ် ၂၁

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တွဲအနက် ကျောက်စိမ်းအတွဲ အမှတ်(၁) မှ (၇၅၀) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၅၇၆ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲ ဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ အနက် ကျောက်စိမ်းအတွဲအမှတ် (၇၅၁) မှ (၁၅၀၀) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး စျေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲအမှတ် (၇၅၁) မှ (၁၅၀၀) အထိ တင်သွင်းထားသည့် စျေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မတ် ၂၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၉၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၇၇ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် (၅၈) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်။

ယခုကျင်းပသည့် (၅၈) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်။

သတင်းစဉ်

အခြေခံပညာအထက်တန်းနှင့် အလယ်တန်း(ခရိုင်အဆင့်) ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်

အလုံ မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း(ခရိုင်အဆင့်) ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်း(ဆွေးနွေးပွဲ)ကို ယနေ့ နံနက် ၈ နာရီက အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် အလုံခရိုင် ပညာရေးမှူး ဒေါက်တာ စုစုလှိုင်က သင်တန်းဖွင့်အမှာ စကား ပြောကြားသည်။

သင်တန်းတွင် ခရိုင်ဆင့် နည်းပြဆရာ ဆရာမများက အလုံခရိုင်အတွင်းရှိ အထက်တန်းအဆင့် ဆရာ ဆရာမ ၉၁ ဦး၊ အလယ်တန်းအဆင့် ဆရာ ဆရာမ ၁၂၃ ဦး စုစုပေါင်း ၂၁၄ ဦးကို မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးသည် အရေးကြီး

စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ပုံမှန်သုံးသပ်ပြီး ရလဒ်များပြည့်မီရေးကို ကြိုးပမ်းရမည်

နေပြည်တော် မတ် ၂၁

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်း ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးသည့်နောက် ၂၀၂၁ ခုနှစ်အောက်တိုဘာလတွင် ဘဏ္ဍာရေးနှစ်ကာလပြောင်းလဲခဲ့ပြီး ကြားကာလ ခြောက်လစီမံကိန်းနှင့် ၂၀၂၁-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတို့ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခုလက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်အပြည့်ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ပါကြောင်း။

တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိလာနိုင်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၂၀၂၀ ပြည့်နှစ်အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ခြောက်လ စီမံကိန်း အကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းပထမ ၆ လ အကောင်အထည်ဖော်မှုတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း ပြန်လည်တိုးတက်ရရှိလာသည်ကို တွေ့ရပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ယာယီခန့်မှန်းခြေစာရင်းအရ တစ်နှစ်လုံးအတွက် တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိလာနိုင်သည်ဟု သက်ဆိုင်ရာဌာနများက ခန့်မှန်းထားပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးတက်မှ စားရေရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သွင်းကုန်လျှော့ချနိုင်ပြီး ပို့ကုန်တင်ပို့မှုလည်း တိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် တိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျေးလက်အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် သမားရိုးကျ ဆောင်ရွက်နေသည့်ပုံစံမှ ခေတ်မီနည်းစနစ်များဖြင့် သွင်းအားစုများကို ထိရောက်စွာ အသုံးပြုပြီး အထွက်တိုးအောင်ကြိုးစားကြရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် အလားအလာကောင်းသည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြင့်ထွက်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု

မိမိတို့နိုင်ငံ၌ မြို့ပြနေလူဦးရေ ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ လူအများစုနေထိုင်ကြသည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြနှင့် ကျေးလက် ကွာဟချက်များ လျော့ကျလာနိုင်မည်ဖြစ်သည့်အပြင် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နေရာဒေသမရွေး တစ်ဦးတစ်ယောက်မှ နောက်ကျမကျန်စေရေးအတွက် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အဓိကအထောက်အကူဖြစ်စေမည့် နေကြာစိုက်ပျိုးမှုကို ရည်မှန်းချက်အတိုင်း အောင်မြင်စေရေးကို ဆက်လက်ကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ မိုးနှင့်ဆောင်းနေကြာစိုက်ပျိုးမှုများမှ အခက်အခဲနှင့် အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ချိန်အတိုင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ ပြီးပြတ်စေရေးကို အားလုံးက အထူးအလေးထားပြီး ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာနေသည့် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံးပြီးစီးမှသာ လျှပ်စစ်လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုများကိုလည်း သတ်မှတ်ချိန်အတိုင်း ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

အားပေးကူညီရမည်

ပြည်ပမှ မှာယူတင်သွင်းနေရသည့် သံ၊ သံမဏိ၊ ဓာတ်မြေသြဇာစသည့် ကုန်စည်များကို ပြည်တွင်း၌ ရှိသည့်စက်ရုံများက ရည်မှန်းချက်အတိုင်း ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများက ပြည်တွင်း စျေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဝန်ဆောင်မှု အရည်အသွေး ပြည့်မီစေရေးကိုလည်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်ရေးအတွက် အားပေးကူညီရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် ပြည်တွင်းနှင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နည်းလမ်းမျိုးစုံနှင့် ဖိတ်ခေါ်ပြီး ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့် အခြေခံအဆောက်အအုံများ ရှိမှသာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသတစ်ခုနှင့် တစ်ခုကြား ဆက်သွယ်မှု လွယ်ကူမြန်ဆန်ပြီး ဒေသတွင်းနှင့် ဒေသများကြား ကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် လိုအပ်ပါကြောင်း။ **စာမျက်နှာ ၆ သို့** ❖

- ☆ **ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် တိုးတက်ရေးကို ဆောင်ရွက်ရမည်**
- ☆ **နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်း စားသုံးမှုဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်ရမည်**

ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်နည်းပြီး အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဆိုပါက ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြခြင်းနှင့် ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထွက်ခွာမှုများလျော့နည်းလာမည်

❖ စာမျက်နှာ ၅ မှ

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီရေး၊ မျှော်မှန်း သက်တမ်းမြင့်မားရေး၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များ သေဆုံးနှုန်း ကျဆင်းရေး၊ ကူးစက်ရောဂါနှင့် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများကြောင့် သေဆုံးမှုများ လျော့ချနိုင်ရေးကို ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာရေးအသိ တိုးမြင့်လာပြီး ကျန်းမာသည့် လူနေမှုစနစ်နှင့်အညီ နေထိုင်နိုင်မှသာ ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူတိုင်း ကိုယ်စီအသိနှင့် ဆောင်ရွက်သွားရန် လိုမည်ဖြစ်သကဲ့သို့ ကျန်းမာရေးအသိပညာပေးမှုများလည်း ဆက်လက်တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုးမြှင့်ခွင့်ပြုပေးထား

ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ ဆရာမများ၏ နေထိုင်မှုအဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်မှုများ၊ ကျန်းမာရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ပေးထားပြီး ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း။

ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေးနှင့် နိုင်ငံတော်၏ဂုဏ်ကိုဆောင်သည့် အားကစားကဏ္ဍ မြှင့်တင်ရေးတို့အတွက် နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီဘောလုံး အားကစားကွင်းများ၊ မိုးလုံလေလုံ အားကစားကွင်းများ၊ ပြေးလမ်းများ၊ ရေကူးကန်များ တည်ဆောက်ပေးလျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပညာရည်အဆင့်နိမ့်ကျမှု မရှိစေရေးနှင့်လူတိုင်း သင်ယူနိုင်မှု အခွင့်အလမ်းများ ရရှိစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်အချိန်မှစပြီး KG + 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် KG + 9 နှင့် KG + 12 ကျောင်းဆောင်အသစ်များ တည်ဆောက်ခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင်များ ပြန်လည်ဆောက်လုပ်ခြင်း၊ စာသင်ခန်းများ လုံလောက်စေရန် တိုးချဲ့ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပညာရေးအသုံးစရိတ်များကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း။

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သည့်ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ယခုအခါ ခရိုင် ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း ၅၁ ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်စာသင်ဆောင်နှင့် လက်တွေ့သင်ကြားရေးဆောင်များကိုလည်း တည်ဆောက်ရန် ခွင့်ပြုထားပါကြောင်း၊ လုပ်ငန်းခွင်နှင့်ချိတ်ဆက်သည့် အလုပ်အာမခံချက်ရရှိရေးနှင့် ထူးချွန်ထက်မြက်သူများကို သက်ဆိုင်ရာဘာသာရပ်အလိုက် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေးတို့ကို စီစဉ်ပေးထားသည့်အပြင် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုပေးထားပါကြောင်း။

☆ နိုင်ငံတော်အတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် ပြည်တွင်းနှင့်ပြည်ပမှရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နည်းလမ်းမျိုးစုံနှင့်ဖိတ်ခေါ်ပြီး ဝင်ရောက်လာသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်

☆ လျှပ်စစ်မော်တော်ယာဉ်တင်သွင်းမှုနှင့် သုံးစွဲမှုများကို ရှေ့ပြေးစီမံချက်အနေဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိရာ စီမံချက်ရေရှည်တည်တံ့ရေးနှင့် တိုးတက်မှုရရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းရမည်

ဝိုင်းဝန်းကြိုးပမ်းရမည်

ပညာတက်ရောက်သင်ယူမှုနှင့်ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ တဖြည်းဖြည်း လျော့ကျလာသည်ကိုတွေ့ရပါကြောင်း၊ အဆိုပါသန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ ၁၄ နှစ်နှင့် ၁၅ နှစ် ကြားအုပ်စုတွင် ၇၆ ရာခိုင်နှုန်း၊ ၁၅ နှစ်နှင့် ၂၄ နှစ် ကြားအုပ်စုတွင် ၃၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၅ နှစ်နှင့် အထက် အုပ်စုတွင် သုည ဒသမ ၃ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရပါကြောင်း၊ အဆိုပါအချက်မှာ အနာဂတ်တွင် နိုင်ငံအတွက် ကောင်းမွန်သည့်အလားအလာ မဟုတ်သည့်အတွက် ကျောင်းနေအရွယ် ကလေးများ အားလုံး ကျောင်းနေနှုန်း တိုးမြှင့်စေရေးနှင့် ကျောင်းထွက်နှုန်း ကျဆင်းရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်တွင် အသိပညာ၊ အတတ်ပညာများ ပြည့်ဝစေရေးအတွက် ဘဝတစ်သက်တာ ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို လူတိုင်းလက်လှမ်းမီ ရရှိရံစားနိုင်ရေး၊ အရေအတွက်သာမက အရည်အချင်းနှင့်ပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရေးနှင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားများ ကိုယ်တိုင်က လေ့လာသင်ယူလိုစိတ် ပြင်းပြကြရမည်ဖြစ်ပြီး မိဘ၊ ဆရာနှင့်လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တစ်ကမ္ဘာလုံး၌ ကြုံတွေ့နေရသည့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆိုးရွားသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများရှိလာပြီး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သစ်တောနှင့် သစ်ပင်များ အမြဲရှင်သန်စေရေးနှင့် သစ်တောဖုံးလွှမ်းမှု ဧရိယာများတိုးတက်လာစေရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် လာမည့်ကာလများတွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စွန့်စားရမှု (Risk) ဖြစ်နိုင်ခြေများပြားနိုင်သည်ကို ဖော်ထုတ်ထားခြင်းကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုနှင့် အဆောက်အအုံများပျက်စီး ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် ကြိုတင်အစီအမံများကို စနစ်တကျ ရေးဆွဲထားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင်သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များကို ကျေးလက်ဒေသရှိပြည်သူများထံအချိန်နှင့်တစ်ပြေးညီ ရောက်ရှိစေရေးနှင့် ထိခိုက်လွယ်သည့်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ ပထဝီနိုင်ငံရေးနှင့် လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် တစ်ကမ္ဘာလုံးတွင် လောင်စာဆီဈေးနှုန်းမြင့်တက်မှု၊ အဆိုပါအချက်နှင့် ဆက်စပ်ပြီးဖြစ်နေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အတိုးနှုန်းပြောင်းလဲမှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေများကြောင့် ကြွေးမြီမြင့်တက်လာပြီး ပြည်တွင်းသုံးငွေကြေး တန်ဖိုးကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အကျိုးဆက်များအနေဖြင့် ကမ္ဘာ့နိုင်ငံအချို့တွင် စားရေရိက္ခာမဖူလုံမှု၊ လောင်စာဆီပြတ်လပ်မှုစသည့် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရပါကြောင်း။

လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်

ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို နိုင်ငံတော် ၏အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် ထားရှိဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ရေးနှင့် ထိရောက်သည့် စွမ်းအင်သုံးစွဲမှုစနစ်ဖြစ်စေရေးကိုလည်း လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကြိုးကြပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်တင်သွင်းမှုနှင့် သုံးစွဲမှုများကို ရှေ့ပြေးစီမံချက်အနေဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိရာ စီမံချက်ရေရှည်တည်တံ့ရေးနှင့် တိုးတက်မှုရရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ သို့မဟုသာလောင်စာဆီသုံးစွဲမှုကို ထိရောက်စွာလျှော့ချနိုင်ပြီး ကာဗွန်ကင်းစင်သည့် ပတ်ဝန်းကျင်ရောက်ရှိရေးကို အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ အဖြစ်နိုင်ဆုံး အမြန်ပြီးစီးရေး၊ ဒေသအလိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ကျယ်ပြန့်စွာဆောင်ရွက်မှုတို့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လျှော့ချရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နေရောင်ခြည်စွမ်းအား၊ လေစွမ်းအားသုံး လျှပ်စစ်စီမံကိန်းများ၊ နည်းပညာမြင့်မားသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးလုပ်ငန်းများ၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အမြဲစောင့်ကြည့်သုံးသပ်ပြီး စီမံကိန်းရည်မှန်းထားသည့်အတိုင်းပြီးစီးမှု၊ ဘဏ္ဍာငွေသုံးစွဲမှုတို့ကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကြောင့်ရရှိသည့် အကျိုးရလဒ်များကို ပြည်သူများအမြန်ဆုံးရရှိခံစားနိုင်စေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အလုပ်နှင့် သက်သေပြနိုင်ရေး

နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို အောင်မြင်အောင်လက်တွေ့အလုပ်နှင့် သက်သေပြနိုင်ရေးကို ယခုထက်ပိုမိုကြိုးပမ်းရမည်ဖြစ်သည့်အပြင် လုပ်ဆောင်ချက်များအားလုံး ရေရှည်တည်တံ့စေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ဆောင်မှုအားလုံးကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့် အညီ ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆောင်ရွက်မှုအားလုံးကိုလည်း စနစ်တကျ မှတ်တမ်းများထားရှိရမည်ဖြစ်ပါကြောင်း။

ယနေ့တင်ပြမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၁၂ ရပ်တို့နှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း တွေ့ရပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ ပုံမှန်သုံးသပ်ပြီး ရလဒ်များပြည့်မီရေးကို ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်း အချိန်မီ ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် အစီရင်ခံမှု အားကောင်းစေရေးကိုလည်း ယခုထက် ပိုမိုအလေးထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ချမှတ်ထားသည့်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အမြဲသုံးသပ်စစ်ဆေးပြီး လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်း (Plan, Do, Check, Act– PDCA)ဆိုသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို တက်ညီလက်ညီစစ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏စီးပွားရေး တိုးတက်မှုကို ကိုဗစ်-၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ မျှော်မှန်းထားသည့် ပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

စာမျက်နှာ ၇ သို့ ❖

☆ အနာဂတ်တွင် အသိပညာ၊ အတတ်ပညာများ ပြည့်ဝစေရေးအတွက် ဘဝတစ်သက်တာ ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို လူတိုင်းလက်လှမ်းမီ ရရှိခံစားနိုင်ရေး၊ အရေအတွက်သာမက အရည်အချင်းနှင့်ပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရေးနှင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး တို့ကို ဆောင်ရွက်ရမည်

☆ ဒေသများက ရရှိနိုင်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး ကုန်ချောထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးမည့်ဌာနများနှင့် သုတေသနဌာနများ အချိတ်အဆက်မိမိ ဆောင်ရွက်ရမည်

❖ **စာမျက်နှာ ၆ မှ**

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ဦးတည်ပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူ့ဇီဝဘိုပြုပြီး အားလုံးပါဝင်နိုင်သည့် ရေရှည်ဖွံ့ဖြိုးမှုရရှိစေရန် ရည်ရွယ်ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

အလေးထားဆောင်ရွက်

စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းပြီးစီးမှု ပမာဏနှင့်ညီမျှသည့် ငွေကြေးသုံးစွဲမှုများဖြစ်စေရေး၊ ဆောင်ရွက်ဆဲလုပ်ငန်းများ ပြီးပြတ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကန့်အသတ်ဖြစ်နေသည့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေသုံးစွဲခြင်းဖြစ်သည့်အတွက် ထိထိရောက်ရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် စီမံကိန်းမှ ရလဒ်ကောင်းများ ရရှိရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်မှပံ့ပိုးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ၊ စီမံကိန်းများအတွက် ခွင့်ပြုထားသည့် ဘဏ္ဍာငွေအရင်းအမြစ်များဖြင့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း(မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ယခင်ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်မှတ်တမ်းများအပေါ် သုံးသပ်အကြံပြုချက်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စစ်ဆေးဆောင်ရွက်သွားမည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ အမျိုးသားစီမံကိန်းကို ပြန်ကြည့်ပါက လျာထားချက်များ မပြည့်မီသည်ကိုတွေ့ရကြောင်း၊ မိမိအနေဖြင့် နိုင်ငံ့စီးပွားရေး မြှင့်တင်ရေးရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများသို့ ဘဏ္ဍာငွေကျပ်ဘီလီယံ ၄၀၀ ပေးအပ်ခဲ့ပါကြောင်း၊ အဓိကအားဖြင့် ဒေသခံပြည်သူလူထု စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာလတိုအတွင်း ငွေပြန်ပေါ်နိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော နေကြာ၊ ပဲတီစိမ်းနှင့် နွေးစပါး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ပေးခြင်းဖြစ်ကြောင်း၊ တစ်နေရာနှင့်တစ်နေရာ အခြေအနေချင်း မတူညီသော်လည်း နည်းလမ်းများ ရှာကြံ၍လျာထားချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်များကို လက်တွေ့အောင်မြင်အောင်ဆောင်ရွက်ရန်နှင့် အမှန်တကယ်တိုးတက်အောင် စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေကို သုံးသပ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့် ကိစ္စရပ်များကို သေသေချာချာ စိစစ်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော်မှုကို ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုအပ်ပြီး အကြောင်းအမျိုးမျိုးကြောင့် မပြီးပြတ်ခဲ့ပါက ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ဘဏ္ဍာငွေကို စနစ်တကျပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင်လည်း အမှန်ဆောင်ရွက်နိုင်မည့်ပမာဏကို ချိန်ညှိကာ စီမံကိန်းတွင်ရေးဆွဲပြီး ဘဏ္ဍာငွေတောင်းခံရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်ရာတွင်လည်း ဖြစ်မြောက်နိုင်စွမ်းကို လေ့လာပြီး စီးပွားရေးအရ တွက်ခြေကိုက်မှုရှိစေရေးနှင့် ပြည်သူများအတွက် အကျိုးရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဥပဒေကိုမပြဋ္ဌာန်းမီ ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြည့်စုံစေရေးကို ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလအတွင်းတွင်လည်း စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းစဉ်များ အားကောင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် ဒေသအလိုက် အဓိကအားသာချက်ရှိသည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးရာတွင် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီစေရေးကို အလေးထားဆောင်ရွက်ရေးနှင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အသေချာဆုံးသော စီးပွားရေးမြှင့်တင်မှုသည် အခြေခံခိုင်မာပြီးဖြစ်သည့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုတို့ဖြစ်ကြောင်း၊ ဒေသများကရရှိနိုင်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး ကုန်ချောထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးမည့်ဌာနများနှင့် သုတေသနဌာနများ အချိတ်အဆက်မိမိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်နည်းပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဆိုပါက ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြခြင်းနှင့် ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထွက်ခွာမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း။

တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်

ပြည်သူများ အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေနှင့်ထွက်ငွေမျှတရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ မည်သည့်စီမံကိန်းကိုမဆို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်သည့် ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝစေရေး မှန်မှန်ကန်ကန်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဇီဝဘိုပြုလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ပြီး တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအတည်ပြုမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါလုပ်ငန်းများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးပါက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

လက်ရှိဘဏ္ဍာရေးနှစ်၏ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်အောင် ပိုမိုကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ အမှုထမ်းများ၊ သင်တန်းကြီးကြပ်သူ၊ သင်တန်းနည်းပြ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဤသင်တန်းကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာများကို သင်ယူတတ်မြောက်စေရန်၊ နည်းပညာများကို နားလည်တတ်မြောက်ပြီး ကိုယ်ပိုင်အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများကို ထူထောင်နိုင်ကာ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်နှင့် ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ရာ ယနေ့တွင် သင်တန်းပြီးမြောက်အောင်မြင်သွားပြီဖြစ်ပါကြောင်း၊ ဤသင်တန်းမှ သင်ကြားပေးလိုက်သည့် အခြေခံနည်းပညာများကို လက်ကိုင်ထားပြီး မိမိဘာသာ ဆန်းသစ်တီထွင်ကာ ပစ္စည်းအရည်အသွေးကို အကောင်းဆုံးနှင့် နည်းစနစ်တကျထုပ်ပိုးပြီး ဈေးကွက်ထိုးဖောက်နိုင်မည်ဆိုပါက အရင်းအနှီးအနည်းဆုံးနှင့် အချိန်တိုတိုအတွင်း စီးပွားဖြစ်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းတစ်ရပ်ကို သင်တန်းသား သင်တန်းသူများအား ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအနေဖြင့် သင်တန်းမှ စာတွေ့လက်တွေ့ သင်ကြားပို့ချ ပေးလိုက်သည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာများကို လက်တွေ့အသုံးချပြီး ကိုယ်ပိုင်အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို နောင်တစ်ချိန်တွင် ဆက်လက် တည်ထောင်ပြီး မိသားစုဝင်ငွေ တိုးပွားရုံသာမက ဌာနနှင့် နိုင်ငံ့ဝင်ငွေတိုးပွားအောင်လည်း တစ်ဖက်တစ်လမ်းမှ

အထောက်အကူပြု ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်၊ သင်တန်းနည်းပြများ အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသူကို အမြဲတမ်းအတွင်းဝန်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် သင်တန်းသူကို တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ တတိယဆုရရှိသည့် သင်တန်းသားကို တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုရာ ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများက ထုတ်ကုန်ပစ္စည်းများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲများသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား နည်းပညာယှဉ်ပြိုင်မှုများ၊ စစ်လက်နက်အင်အားဖြည့်တင်းမှုများနှင့် ကမ္ဘာ့စီးပွားရေးစျေးကွက် နယ်ပယ်ချဲ့ထွင်မှုများနှင့်အတူ ဖြစ်ပေါ်လာခဲ့ပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် မမျှော်မှန်းနိုင်သော အပြောင်းအလဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးလမ်းစဉ်အား အစဉ်တစိုက် ဦးတည်ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိရသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများ ဖြေရှင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်ခိုင်မြဲသော ဆက်ဆံရေးကို တည်ဆောက်ရသည်ဖြစ်ရာ နိုင်ငံများအကြား ဆက်သွယ်ဆောင်ရွက်မှုသည် ကမ္ဘာ့သမိုင်းမှတ်တမ်းတစ်လျှောက်တွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် အစဉ်အမြဲ ပါဝင်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေများ (International Laws)၊ ပဋိညာဉ်စာချုပ်များ (Charters)၊ သဘောတူစာချုပ်များ (Treaties) နှင့် နားလည်မှုစာချွန်လွှာများ (Memorandum of Understanding) တွင် ပါဝင်သော ပြဋ္ဌာန်းချက်များ၊ ဖော်ပြချက်များနှင့်အညီ ဆောင်ရွက်လေ့ရှိကြသည်။ ယေဘုယျအားဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု (Bilateralism) နှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု (Multilateralism) ဟူ၍ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်း နှစ်မျိုးရှိပြီး သီးခြားဆွေးနွေးမှုများနှင့် နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် Bilateralism နည်းလမ်းဖြင့်လည်းကောင်း၊ သုံးနိုင်ငံနှင့်အထက် နိုင်ငံများအကြား ဆွေးနွေးမှုများနှင့် အကျိုးတူ ပူးပေါင်းမှုများတွင် Multilateralism နည်းလမ်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားများ၏ အခန်းကဏ္ဍ

ကမ္ဘာ့နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက် ပူးပေါင်းမှုများ ဆောင်ရွက်ရာတွင် နိုင်ငံများ၏ တည်နေရာနှင့် ရေနှင့်ကုန်းမြေနယ်နိမိတ်ထိစပ်မှု တို့သည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပထဝီရေမြေဒေသ ဆက်စပ်တည်ရှိနေသော ဒေသတွင်းနိုင်ငံများသည် ပိုမိုနီးစပ်သော လူနေမှုဘဝနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ သဘာဝပတ်ဝန်းကျင်အရင်းအမြစ်နှင့် ဂေဟစနစ်များကို မျှဝေဖြစ်တည်သုံးစွဲလျက်ရှိကြသည်ဖြစ်ရာ ပိုမိုရင်းနှီးသော အိမ်နီးချင်းနိုင်ငံဆက်ဆံရေး ထူထောင်ခြင်းဖြင့် ကောင်းမွန်သည့်ဆက်နွယ်မှုကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ထိုကဲ့သို့ ဒေသတွင်းနိုင်ငံများအကြား ရှိနှင့်ပြီးဖြစ်သည့် ရင်းနှီးသော ဆက်ဆံရေးအပေါ်တွင် အခြေပြု၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများ တည်ထောင်ကာ ဒေသတွင်းပေါင်းစည်းမှုစွမ်းအားဖြင့် ကြံ့တွေ့လာနိုင်သော ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မမျှော်မှန်းနိုင်သော စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိကြသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းခြင်းအားဖြင့် ဒေသတွင်းနိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း၊ အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှုများ တိုးပွားလာစေခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာသဖြင့် ရင်းနှီးဆက်နွယ်မှုများ ပိုမိုတိုးပွားလာစေခြင်း၊ နည်းပညာ၊ ဗဟုသုတနှင့် အကျိုးစီးပွားများ ပိုမိုမျှဝေနိုင်ခြင်း စသော အကျိုးကျေးဇူးများရရှိအောင် ပံ့ဖော်လာနိုင်ကြသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Co-operation-MLC) သည် သိသာထင်ရှားသော ရလဒ်များဖြင့် အရှိန်အဟုန်မြင့် လက်တွေ့ကျကျ လည်ပတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့ရှိရမည်ဖြစ်သည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မဲခေါင်မြစ်ဟု ခေါ်တွင်ပြီး တရုတ်နိုင်ငံ၌ လန်ချန်းမြစ်ဟု ခေါ်တွင်သည့် မဲခေါင်- လန်ချန်းမြစ်သည် မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားပြီး ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်ဖြစ်သည်နှင့်အညီ ရှည်လျားသောသမိုင်းကြောင်းဖြစ်တည်မှုနှင့် ယင်းဖြတ်သန်းစီးဆင်းရာ မြစ်ကြောင်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးနှင့် ဒေသအသီးသီးတွင် မှီတင်းနေထိုင်သူများ၏ လူမှုစီးပွားဘဝများကို များစွာအထောက်အကူပြုလျက်ရှိသည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက်အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးတွင် ထိုင်းနိုင်ငံက မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုကြောင်း ကနဦးဆွေးနွေးမှုအပေါ် တရုတ်နိုင်ငံက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ် ထူထောင်ရန် အဆိုပြုခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပခဲ့ပြီး မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မဏ္ဍိုင် (Economic and Sustainable Development) နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People-to-People Exchanges) စသည့် မဏ္ဍိုင်သုံးရပ်ဖြင့် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ပထမအကြိမ် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်နိုင်ငံ ဆန်းယမြို့၌ ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်ကြေညာကာ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ခဲ့သည်။ ဆန်းယကြေညာစာတမ်းအရ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများသည် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှု စွမ်းရည်တိုးမြင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources) နှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agricultural and Poverty Reduction) ဟူသည့် ဦးစားပေးနယ်ပယ် ငါးရပ်တွင် အဓိကထား ပူးပေါင်းဆောင်ရွက်လိုကြသည်။ ထို့ကြောင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်သုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ငါးခု

ထက်ထက်အောင်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)

တို့ကို ပေါင်းစပ်ကာ 3+5 မူဘောင် (3+5 Framework) ဟု သတ်မှတ်ခေါ်ဆိုခဲ့သည်။

၂၀၁၈ ခုနှစ် ဧနှစ်ဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာ လုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ (MLC Five-Year Plan of Action 2018-2022) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ လုပ်ငန်းအစီအစဉ်အရ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ အကောက်ခွန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ ဘဏ္ဍာရေး၊ လျှပ်စစ်နှင့်စွမ်းအင်နှင့် သတင်းမီဒီယာ စသည့် ဦးစားပေးနယ်ပယ် ၁၀ ခုကို ယခင် 3+5 မူဘောင်တွင် ထပ်မံထည့်သွင်းခဲ့ပြီးနောက် 3+5+X မူဘောင် (3+5+X Framework) အဖြစ် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဆန်းယကြေညာစာတမ်းပါ အခြေခံမူ (၇) ချက်ဖြစ်သည့် တူညီဆန္ဒ (Consensus)၊ ညီတူညီမျှရှိမှု (Equality)၊ အပြန်အလှန် အကြံပြုဆွေးနွေးမှုနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု (Mutual Consultation and Coordination)၊ မိမိဆန္ဒအလျောက် ပါဝင်မှု (Voluntarism)၊ အားလုံးမှ ပါဝင်ပူးပေါင်း ထည့်ဝင်ဆောင်ရွက်မှု (Common Contribution)၊ အကျိုးအမြတ်မျှဝေခံစားမှု (Shared Benefits) နှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှု (Respects for UN Charter and International Laws) တို့အပေါ် အခြေခံ၍ 3+5+X မူဘောင်နှင့်အညီ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုအကျိုးရလဒ်များကို ဖော်ဆောင်လျက်ရှိသည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေနှင့် စီမံကိန်းများ

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် တရုတ်နိုင်ငံက ရန်ပုံငွေအမျိုးအစား လေးမျိုးဖြစ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) ကို အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့်လည်းကောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေ (Concessional Loan) ကို ယွမ် ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ အခြားချေးငွေ (Credit Line) ကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (South-South Cooperation Fund) ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့်လည်းကောင်း အသီးသီး မတည်ထူထောင်ပေးထားသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးရန်ပုံငွေ တစ်မျိုးတည်းတွင်သာ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဆိုပြုလျက်ရှိပြီး တရုတ်နိုင်ငံဘက်က ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ အထူးရန်ပုံငွေစီမံကိန်း စုစုပေါင်း ၉၂ ခုကို ပေးအပ်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၉ သို့ ✹

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဦးစီးဌာနမှူးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုနှင့် ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်ပေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် တာဝန်ခံဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် နည်းပညာ၊ စျေးကွက်နှင့် ငွေကြေးအရင်းအနှီးများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများအား ကြီးကြပ်စစ်ဆေးဆောင်ရွက်ရာတွင်လည်း စက်ရုံတစ်ရုံချင်းအလိုက် သို့မဟုတ် စက်မှုဇုန်တစ်ခုချင်းအလိုက် စက်စွမ်းအား အသုံးပြုမှုများကိုလည်း လစဉ်၊ နှစ်စဉ် သေချာစွာစာရင်းပြုစုထားရှိရန်၊ သို့မှသာ စက်စွမ်းအား အသုံးပြုမှုအပေါ် မူတည်၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လျော့နည်းသွားခြင်းတို့ကို တိကျစွာသိရှိနိုင်မည်ဖြစ်၍ စနစ်တကျဆောင်ရွက်ရန်၊ မိမိတို့ဝန်ကြီးဌာနမှ ခေတ်နှင့်လျော်ညီအောင် ပြုစုထားသည့် စက်မှုစစ်ဆေးကြီးကြပ်ခြင်းဆိုင်ရာ အချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ရန်၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို လုပ်ငန်းအုပ်စု ၂၄ အုပ်စု သတ်မှတ်ခြင်းသည် MSIC Code နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရုံများမှတ်ပုံတင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စစ်ဆေးရန်၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရေးအတွက် ဌာနတွင်းကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် ဥပဒေအရ ကြီးကြပ်မှုတာဝန်ယူဆောင်ရွက်ရသော ဌာနနှင့်လျော်ညီသည့် အားလျော်စွာ မိမိကျွမ်းကျင်မှုများကို မြှင့်တင်ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများပီပီ အများပြည်သူမှ အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာပြုမူကျင့်ကြံနေထိုင်ကြရန် လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်း ဖွင့်လှစ်

တောင်ကြီး မတ် ၂၁

ရှမ်းပြည်နယ်အတွင်း ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာန အဆင့်ဆင့်ရှိ အင်ယတန်းစာရေးများအား ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိစေရန်အတွက် အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)၌ ပြုလုပ်သည်။

အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြည်နယ်အတွင်းရှိ အင်ယတန်းစာရေး ၈၂ ဦး တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းကို မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✷ **စာမျက်နှာ ၈ မှ**

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များ

“ မြန်မာနိုင်ငံသည် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ တက်ကြွသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ လက်ရှိပူးတွဲဥက္ကဋ္ဌအနေဖြင့်လည်းကောင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် မဲခေါင်-လန်ချန်း မိသားစုစိတ်ဓာတ်ကို အခြေခံကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူ့အချင်းချင်း အပြန်အလှန်ဆက်ဆံမှုမြှင့်တင်ရေး၊ လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အတွင်းရေးမှူးရုံး / ပူးပေါင်းညှိနှိုင်းရေးရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိ ”

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စိမ်ကိန်းအခြေပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် တစ်ခုဖြစ်ပြီး ဒေသတွင်း မှီတင်းနေထိုင်သော ပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်တွေ့အကျိုးကျေးဇူးရရှိရေးတို့ကို ဦးတည်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှု ရလဒ်များရရှိခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများနှင့် နိုင်ငံတကာအသိုက်အဝန်း၏ အသိအမှတ်ပြုမှုများကို ရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးကဏ္ဍစသည့် ကျယ်ပြန့်လှသည့် နယ်ပယ်ပေါင်းစုံတွင် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းများမှလည်း သိသာထင်ရှားသော အကျိုးရလဒ်များ ရရှိလျက်ရှိသည်။

ထိုကဲ့သို့ ဒေသတွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုဘဝ သာယာလှပရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရေးနှင့် အလုံးစုံပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့ကို ဦးတည်ဆောင်ရွက်ခဲ့သော မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ယခုအခါ ခုနစ်နှစ်တာကာလ ပြည့်မြောက်တော့မည် ဖြစ်သည်။

မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံက အမြဲတမ်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်အဖွဲ့ဝင်နိုင်ငံများက အကွာရာစဉ်အလိုက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို နှစ်နှစ်လျှင်တစ်ကြိမ် လှည့်ပြောင်းလက်ခံဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် သြဂုတ်လ ၂၄ ရက်နေ့တွင်ကျင်းပခဲ့သော တတိယအကြိမ်မြောက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ ၂၀၂၁–၂၀၂၂ ခုနှစ် နှစ်နှစ်တာကာလအတွက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံရယူခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း (၆) ကြိမ်မြောက် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် တရုတ်နိုင်ငံ ချုံချင့်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးတွင် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဝမ်ယီနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့က ပူးတွဲသဘာဝတိများအဖြစ် ဆောင်ရွက်ကြပြီး ပူးတွဲထုတ်ပြန်ချက် သုံးခုဖြစ်သည့် ဒေသဆိုင်ရာ အစိုးရ/အုပ်ချုပ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍနှင့် တိုင်းရင်းဆေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထို့ပြင် (၇) ကြိမ်မြောက် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ပုဂံမြို့၌ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးတွင် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့က ပူးတွဲသဘာဝတိများအဖြစ် ဆောင်ရွက်ကြပြီး (၇) ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်နှင့်အတူ အကောက်ခွန်၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လူ့အဖွဲ့အစည်းများအကြား အပြန်အလှန်သင်ယူမှုနှင့် အမြင်ချင်းဖလှယ်မှုတိုးမြှင့်ရေး စသည့်သီးခြားထုတ်ပြန်ချက်လေးခုကိုလည်း အတည်ပြုထုတ်ပြန်နိုင်ခဲ့သည်။

လာမည့် (၄) ကြိမ်မြောက် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကိုလည်း ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန်ရှိပြီး အဆိုပါအစည်းအဝေးတွင် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ တက်ကြွသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ လက်ရှိပူးတွဲဥက္ကဋ္ဌအနေဖြင့်လည်းကောင်း မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် မဲခေါင်– လန်ချန်း မိသားစုစိတ်ဓာတ်ကို အခြေခံကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူ့အချင်းချင်း အပြန်အလှန်ဆက်ဆံမှုမြှင့်တင်ရေး၊ လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အတွင်းရေးမှူးရုံး/ ပူးပေါင်းညှိနှိုင်းရေးရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးမူဝါဒတစ်ရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ပေါင်းစည်းဆက်နွယ်မှု ပြယုဂ်တစ်ခုအဖြစ် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာရပ်တည်နိုင်ရန် စုပေါင်းအင်အားဖြင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းတင်ပြရင်း မတ်လ ၂၃ ရက်နေ့တွင် ကျရောက်မည့် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့၌ ကျင်းပသော အစိုးရဓမ္မာစရိယစာမေးပွဲသို့ ကြွရောက်တော်မူကြသည့် ကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုခြင်း

နေပြည်တော် မတ် ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့မွန်းလွဲ ၂ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၏၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မဂ်လာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ပျဉ်းမနားမြို့နယ် စာဖြေဌာန ကြီးကြပ်ရေး ဆရာတော်ကြီးများထံ စာဖြေဌာနအတွက် အလှူတော်ငွေကျပ် ၁၀သိန်းတိတိကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့ပြင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၏၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အင်တိုင်းသာကျောင်းတိုက်၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများထံ စာဖြေဌာနအတွက် အလှူတော်ငွေကျပ် ငါးသိန်းတိတိကို ဆက်ကပ်လှူဒါန်းသည်။

ယနေ့တွင် ပျဉ်းမနားမြို့နယ် စာဖြေဌာန၌ စာရင်းသွင်း ၂၆၉ ပါး၊ ဖြေဆို ၂၃၄ ပါး ရှိကြောင်းနှင့် လယ်ဝေးမြို့နယ်စာဖြေဌာန၌ စာရင်းသွင်း ၁၀၇ ပါး၊ ဖြေဆို ၉၂ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

ကျင်းပသွားမည်

၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဓမ္မာစရိယစာဖြေဌာန ၇၁ ဌာနတို့တွင် မတ် ၂၁ ရက်မှ ၃၀ ရက်အထိ မတ်၂၇ ရက်(တပ်မတော်နေ့မပါ) ကိုးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ပါဠိပထမပြန် စာမေးပွဲများကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပါဠိပထမပြန် စာဖြေဌာန ၂၂၉ ဌာနတို့တွင် မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ခုနှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့) ကျင်းပ

နေပြည်တော် မတ် ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပထမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၅၈၆၄ ပါး/ဦး အနက် ၁၃၂၃၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၄၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

အင်းစိန်မြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းရှိ သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အစိုးရဓမ္မာစရိယ စာမေးပွဲ ကျမ်းရင်း ပါရာဇိက ကဏ္ဍပါဠိ အဋ္ဌကထာ(၁) ဘာသာရပ်ကို အင်းစိန်ခရိုင်စာဖြေဌာန၌ အင်းစိန်မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မဂ်လာခုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ ပရိယတ္တိ စာသင်တိုက်များမှ သံဃာတော် ၃၀၇ ပါး၊ သီလရှင် ၄၂ ပါး စုစုပေါင်း ၃၄၉ ပါး ရှိပြီး ဖြေဆိုသည့် သံဃာ

တော် ၂၂၄ ပါး၊ သီလရှင် ၂၆ ပါး စုစုပေါင်း အပါး ၂၅၀ ဝင်ရောက်ဖြေဆိုကြပြီး အဆိုပါစာမေးပွဲများကို မတ် ၂၁ ရက်မှ ဧပြီ ၃ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။

စာဖြေသံဃာတော်များ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ အထူးကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၊ စာဖြေဌာန ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်း

ရန်ကုန် မတ် ၂၁

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်(ငြိမ်း) သူရဦးမြင့်မောင်သည် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်းနှင့် သုတ၊ ရသစာအုပ် ၆၃၀ ကို ယနေ့နံနက်ပိုင်းက လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌဦးညွှန့်ဆွေက လက်ခံခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆောက်လုပ်ရန် ထောက်ပံ့ခြင်း၊ ပြည်သူများစာပေဖတ်ရှုပြီး အသိပညာဗဟုသုတ တိုးပွားလာစေရန် သုတ၊ ရသစာအုပ်များကို ဖောင်ဒေးရှင်း၏ရန်ပုံငွေဖြင့် နှစ်စဉ် ဝယ်ယူ၍ ထောက်ပံ့ခြင်း၊ အလှူရှင်များက လှူဒါန်းသောစာအုပ်များကို လက်ခံ၍ ပေးပို့ခြင်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပြီး အလှူငွေနှင့်စာအုပ်များ လှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း-၀၉-၅၁၆၃၁၅၆ ရုံးအဖွဲ့မှူး ဖုန်း-၀၉-၄၂၀၇၀၀၃၂၆ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ(ခရိုင်အဆင့်) မွမ်းမံသင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အထက(လေ့ကျင့်ရေး) ကမာရွတ်မြို့နယ် ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကမာရွတ်ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ ကမာရွတ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် အထက်တန်းနှင့် အလယ်တန်းအဆင့်သင် ဆရာ ဆရာမ ၃၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး

မင်းလှ မတ် ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းကို ပြည်သူ့ဆေးရုံခန်းမ၌ ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်သည်။

ဆေးကုသပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၀၆ ဦးကို ဆေးကုသပေးခဲ့သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများအခမဲ့ဖြန့်ဝေပေးခြင်းများကို လစဉ် ၂၁ ရက်နေ့တိုင်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သမဝါယမအသင်းသစ်များ ဖွဲ့စည်း

စစ်တွေ မတ် ၂၁

ရခိုင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်နိုင်ရန်အတွက် သမဝါယမအသင်းသစ်များ ဖွဲ့စည်းလျက်ရှိရာ စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာရှိ အသင်းသား ၂၀ ပါဝင်သော သဇင်မွေးမြူရေး သမဝါယမအသင်းနှင့် ကြံတောကျေးရွာရှိ အသင်းသား ၂၂ ဦးပါဝင်သော ခရေမွေးမြူရေး သမဝါယမအသင်းတို့ကို ဖွဲ့စည်းခဲ့ပြီး နွားမွေးမြူရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်မည့်အပြင် ကျွဲ၊ ကြက်၊ ဝက်နှင့် ပုစွန်များကိုလည်း မွေးမြူသွားမည်ဖြစ်သည်။

ထို့ပြင် ကျောက်တန်းကြီးကျေးရွာရှိ အသင်းသား ၂၁ ဦး ပါဝင်သော မြတ်နိုးပန်းစိုက်ပျိုးရေးသမဝါယမအသင်းကို ဖွဲ့စည်းခဲ့ပြီး အသင်းသားတောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးများနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဝိုင်းဝန်းကူညီနှိမ်နင်းကြစို့ ....

လမောဂမ်

"အရွယ်ရောက်တဲ့သူမှန်သမျှ၊ စစ်မှုမထမ်းမနေရဆိုပြီးတော့ အတင်းဥပဒေနဲ့ စစ်ထဲထည့်ရလိမ့်မယ်။ အဲဒါမျိုးတွေ လုပ်တန်လုပ်ရလိမ့်မယ်။ ၂ နှစ်တန်သည်၊ ၃ နှစ် တန်သည် စစ်ထဲဝင်ရလိမ့်မယ်။ ဝင်ပြီးတဲ့နောက် စစ်ဖြစ်တဲ့အခါ ဝင်တိုက်ရမယ်ဆိုတာ ခင်ဗျားတို့ တိုက်ချင်တိုက်ချင်၊ မတိုက်ချင် မတိုက်ချင် ဝင်တိုက်ရမှာပဲ။ ဒါက လည်း တာဝန်ပဲ။

သောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူကိုမှ အားပေးဖို့မလိုဖူး။"

ဗိုလ်ချုပ်အောင်ဆန်း

၁၃-၇-၁၉၄၇

နိဒါန်း

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း(၁၉၁၅-၁၉၄၇)သည် အသက်ငယ်ငယ်ရွယ်ရွယ် သုံးဆယ်ကျော်မျှသာရှိသေးသော်လည်း နောင်အနာဂတ်နိုင်ငံတော်အတွက် ဆယ်စုနှစ်များစွာ၊ ရာစုနှစ်များစွာအတွက် အမြော်အမြင်ကြီးစွာဖြင့် မျှော်ခေါ်စဉ်းစားပြီး ပွင့်လင်းဖြောင့်မှန်စွာ မိန့်ကြားလေ့ရှိပေသည်။ မကျဆုံးရှာမီ တစ်ပတ်ခန့်အလိုတွင် သူ၏ရင်ထဲ၊ အသည်းထဲ၌ရှိနေသော စကားတို့ကို အလေးအနက်ထား၍ ပြည်သူများအား မိန့်မှာကြားခဲ့သည်။ ကျွန်ုပ်တို့ နားဝင်ခဲ့ကြပါ၏လော။

နေရာ

မိမိတို့တိုင်းပြည်၏ မြောက်ဘက်တွင် လူဦးရေသန်းပေါင်း ၁၄၀၀ ခန့်ရှိသော နိုင်ငံကြီးနှင့် နယ်နိမိတ်ချင်း မိုင်ပေါင်း တစ်ထောင်ကျော်ရှည်လျားစွာ ထိစပ်နေသည်။ ပျူခေတ်၊ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်တို့ တုန်းကလည်း လူသူအင်အားကြီးမားစွာဖြင့် ကျူးကျော်ဝင်ရောက်လာဖူးသည်။ ထိုစဉ်ကတည်းက နိုင်ငံတွင် လူအင်အားနည်းပါးသော်လည်း အညံ့မခံ၊ အလံမလှဲ။ ဇွဲ၊ သတ္တိရဲဝံ့စွာဖြင့် သိမ်းပိုက်စိုးမိုးနေခြင်း မရှိနိုင်အောင် နည်းမျိုးစုံဖြင့် တော်လှန်တိုက်ထုတ်နိုင်ခဲ့သည့် ရာဇဝင်ရှိသော လူမျိုး။ မိမိတို့ပြည်ထောင်စုသားချင်း သူတစ်လူ ငါတစ်မင်း လုပ်ချင်နေ၍မရကြောင်း သမိုင်းသင်ခန်းစာကို ကောင်းစွာကျေညက်ဖို့ လိုလေသည်။ စည်းလုံးမှုရှိကြမှ အင်အားခိုင်မာတောင့်တင်းကြပေမည်။

လူဦးရေနည်းပါးပြီး ရေခဲဖုံးလွှမ်းသော ကုန်းမြင့်တောင်ကြောတောင်တန်းများ၊ သစ်တောများ၊ မြစ်ချောင်းများ၊ လွင်ပြင်များ၊ သဘာဝသယံဇာတများ၊ ရှည်လျားသော ကမ်းခြေရေပြင်နယ်ပယ်နှင့် ပင်လယ်သမုဒ္ဒရာပိုင်နက်၊ ရေးက အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် အိန္ဒိယ စသည့် နိုင်ငံများအထိ စီးပွားရေး၊ သံတမန်ဆက်ဆံရေးကျယ်ပြန့်ခဲ့သည့် မြန်မာနိုင်ငံဖြစ်သည်။ ကုန်းဘောင်ခေတ် ဘကြီးတော်မင်း (ခေါ်) စစ်ကိုင်းမင်းသည် ဥရောပပြင်သစ်နိုင်ငံဘုရင် နပိုလီယံ ဘိုနာပတ်နှင့် အပြန်အလှန် ခေတ်ပြိုင်မင်းအချင်းချင်း ဆက်ဆံမှုရှိခဲ့လေသည်။

မြန်မာပိုင်နယ်နိမိတ်သည် ကချာနယ်၊ အာသံနယ်၊ မဏိပူရ(ကသည်း)နယ်အထိ စိုးမိုးအုပ်ချုပ်ခဲ့သည်များလည်းရှိပေသည်။ ဘုန်းကြီးသော အနော်ရထာ၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ၊ အလောင်းဘုရား၊ ဆင်ဖြူရှင်နှင့် ဘိုးတော်ဘုရား စသည့် ဘုရင်များ လက်ထက်တွင် လာအို၊ ကမ္ဘောဒီးယား၊ ဇင်းမယ် (ယခု ချင်းမိုင်)၊ အယုဒ္ဓယ (ထိုင်းနိုင်ငံ) စသော ပြည်နယ်များသည် မြန်မာအင်ပါယာပိုင်နိုင်ငံထဲတွင် ပါဝင်ကြလေသည်။

မြန်မာတိုင်းရင်းသားချင်း မိုးညှင်း၊ သိန္ဓီ၊ ကလေး၊ ပြည်၊ ပုသိမ်၊ တောင်ငူ စသည်ဖြင့် အစုငယ်များ အကွဲကွဲအပြားပြားဖြင့် အချင်းချင်း ဗိုလ်လုပြီး မစည်းလုံးမိဘဲ အင်အားနည်းပါး၊ ဆင်းရဲသောကာလမျိုးများလည်း သမိုင်းထဲတွင် တွေ့နိုင်သည်။ ညီညာ၊ ညီညွတ်ခဲ့ကြသဖြင့် အရှေ့တောင်အာရှတစ်ခွင်လုံးက မော့ကြည့်ခြင်းကိုခံခဲ့ရသောကာလများ၊ တစ်တောတစ်ကြက်ဖတွန်ကာ အမြော်အမြင်မရှိသော အုပ်ချုပ်သူများ ထင်ရာစိုင်းခဲ့သောကာလများ၊ အတက်အကျလှိုင်းများကို သမိုင်းတွင်လေ့လာလျှင် မြင်ရပေမည်။

အချိန်

ရှေးနှစ်ပေါင်းများစွာက မေခ၊ မလိခမြစ်နှစ်မြှောမှ စတင်စီးဆင်းခဲ့သော မြစ်မင်းဧရာဝတီသည် မကွေ့မချိုးဘဲ ယခုပေါင်းလောင်းမြစ်ကြောင်းအတိုင်း စစ်တောင်းမြစ်ဝအထိ မြောက်မှတောင်သို့ စီးဝင်သည်။ မြစ်ငယ်၊ ကျောက်ဆည်လွင်ပြင်မှ မိတ္ထီလာ၊ သာစည်လွင်ပြင်၊ ရမည်းသင်း၊ ပျဉ်းမနားနှင့် ယခု နေပြည်တော်အနီးမှ ရှေးက ဧရာဝတီမြစ်ကြီး စီးဆင်းခဲ့ဖူးသည်။ စစ်ကိုင်းပြတ်ရွှေ့ကြော မြေငလျင်ကြီးများ လှုပ်ခဲ့ကြသဖြင့် (စစ်ကိုင်းတံတားအနီးမှာ)အနောက်ဘက်သို့ ချိုးကွေ့ကာ အထက်ပိုင်း ပတ်ကွိုင်တောင်ကြားဒေသ၊ နန်းယွန်း၊ ခန္ဓီး၊ ဟုမ္မလင်းအတိုင်း စီးဆင်းလာသော ချင်းတွင်းမြစ်သို့ မြင်းခြံအထက်နားရှိ ရေစကြိုနှင့် ရန္တပိုကြား၌ ပေါင်းဆုံသည်။ ယင်းသည် ယခု ဧရာဝတီဟုခေါ်တွင်နေကြသော မြစ်ကြီးပေတည်း။

ယခင်က ချင်းတွင်းက သီးခြား၊ ဧရာဝတီမြစ်ကြောင်း(ယခုပေါင်းလောင်းနှင့် စစ်တောင်းအတိုင်း)က သီးခြားစီ အပြိုင်စီးဆင်းသော မြစ်ကြီးနှစ်စင်းဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကာလရှည်လျားနှစ်ပေါင်းများစွာ ပြောင်းလဲသောအခါ ပထဝီသည်လည်း ရွှေ့လျောပြောင်းလဲခဲ့သည်။ သမိုင်းသည်လည်း တစ်ခေတ်ပြီးတစ်ခေတ်၊ သစ်ပြီးသစ်ရင်း မသိမသာမှ သိသိသာသာ ပြောင်းလဲဖြစ်ပေါ်လာခဲ့ကြသည်။ ဘယ်အရာမှတော့ မတည်မြဲ။ ဖြစ်ခြင်းပျက်ခြင်းသံသရာနှင့် ပြောင်းလဲနေစမြဲပင်။ လူသားတို့မဖန်တီးသော သဘာဝပြောင်းလဲမှုလည်းရှိ၏။ လူသားတို့၏ ပယောဂဖြင့် ဖန်တီးသည့် ပြောင်းလဲကြရသော သမိုင်းကြောင်းများလည်းရှိခဲ့ကြ၏။ နိုင်ငံသူ နိုင်ငံသား၊ ပြည်သူပြည်သားများ၏ အသိအမြင် ဆင်ခြင်တုံတရား အရည်အသွေးအပေါ် မူတည်၍ ထိုနိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုက တည်နေသည်။

အတက်အကျ

အင်္ဂလိပ်လူမျိုးကိုလိုနီနယ်ချဲ့က ကျူးကျော်သိမ်းပိုက်ခဲ့ပြီး နှစ်ပေါင်းတစ်ရာကျော် ဖိနှိပ်အုပ်ချုပ် ကုပ်သွေးစုပ်ခဲ့သော အိန္ဒိယနိုင်ငံကြီးသည် ၂၁ ရာစုတွင် သိပ္ပံနှင့်နည်းပညာလည်း ထူးခြားစွာ မြင့်မားတိုးတက်၊ စစ်ရေးဘက်တွင်လည်းအင်အားကောင်း၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးတွင်လည်း သိသိသာသာဖွံ့ဖြိုးအောင်မြင်ပြီး နိုင်ငံတကာတွင် အရေးပါသောနိုင်ငံကြီးတစ်နိုင်ငံအဖြစ် ပေါ်လွင်လာချိန်ဝယ် ၁၉ ရာစုဆီက သူ့အပေါ်ဗိုလ်ကျအနိုင်ကျင့်ခဲ့သော အင်္ဂလိပ်တို့သည် ဖွတ်ကျောပြာစု ခရုဆန်ကျွတ်၊ ကျောက်စရစ်တောခေါင်ခေါင်တွင် အတောင်ကျွတ်သော ကြိုးကြာဌက်အိုကြီးပမာ ဆင်းရဲသည်ထက်ဆင်းရဲ၊ နိမ့်ကျသည်ထက်နိမ့်ကျ၊ ညှိုးငယ်နွမ်းပါးရသော ဘဝအခြေဆိုက်နေလေတော့သည်။ မည်မျှတရားရစရာကောင်းသနည်းဆိုသော် မျက်နှာဖြူအင်္ဂလိပ်တို့ကို အုပ်ချုပ်သော လက်ရှိဝန်ကြီးချုပ် ရီရှီဆူနက် (Rishi Sunak) ဆိုသူသည် ယခင်ဝန်ကြီးအဖြစ်မှ ရာထူးတက်လာခဲ့သော အိန္ဒိယလူမျိုးတစ်ဦးဖြစ်၏။

ရီရှီဆူနတ် ရှေ့က အင်္ဂလိပ်လူမျိုးဝန်ကြီးချုပ် လူဖြူအမျိုးသမီး၊ သူနှင့် ကွန်ဆာဗေးတစ်ပါတီဝင်များချင်းပင် ယှဉ်ပြိုင်ကြရာ နိုင်သွားခဲ့ပြီး ဝန်ကြီးချုပ် လုပ်လိုက်ပါသေး၏။ နှစ်လတောင်မပြည့်ဘဲ ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် မစ္စစ်လစ်ဇ်ထရပ်သည် ၅၅ ရက်အကြာ၌ ပြုတ်ကျသွားခဲ့၏။ ထိုအမျိုးသမီး ရှေ့က ဘောရစ်ဂျွန်ဆင်သည်လည်း ဝန်ကြီးချုပ်သက်တမ်းစေ့အောင်မနေရ။ အခက်အခဲအကျပ်အတည်းမျိုးစုံလုံးချာလည်လိုက်ပြီး ဆင်းပြေးသွားခဲ့ရ၏။

သင်ခန်းစာ

ဘောရစ်ဂျွန်ဆင်ပဲဖြစ်ဖြစ်၊ လစ်ဇ်ထရပ်ပဲဖြစ်ဖြစ် အင်္ဂလန်ကို အင်္ဂလိပ်လူမျိုးများ မအုပ်ချုပ်နိုင်တော့ဘဲ အိန္ဒိယလူမျိုး ရီရှီဆူနတ်ဆိုသူ အရှေ့တိုင်းသားက ဝန်ကြီးချုပ်လုပ်ပြီး တက်အုပ်ချုပ်နေရပုံကို ကြည့်လိုက်ပေရော့။ နိုင်ငံတစ်ခုသည် ဘက်ပေါင်းစုံမှ ယိုယွင်းကျဆင်းသွားပြီဆိုလျှင်ကား တစ်ခုပြီးတစ်ခု အရှက်တကွဲ အကျိုးနည်းဖြစ်ရသည်။

မြန်မာပြည်ရာဇဝင်တွင် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၄၀ လောက် ရှိလာသောအခါ တည်ငြိမ်တိုးတက်ရမည့်အစား လက်ဝဲလက်ယာ ပြည်ဖျက်သမားအမျိုးမျိုး၏ သွေးထိုးလှုံ့ဆော် မှိုင်းတိုက်မှုဖြင့် ဖရိုဖရဲ ပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် စီးပွားရေးကျဆင်းနွမ်းပါးလာချိန်ဝယ် ပြည်ပအားကိုးပုဆိန်ရိုးများ၏ လေလှိုင်းထဲမှ ပုတ်ခတ်တိုက်ခိုက်သွေးခွဲမှုများသည် ပြည်သူ့အများ၏ စိတ်ထဲတွင် ကြီးမားပြင်းထန်စွာ စိတ်ဒဏ်ရာဖြစ်စေခဲ့လေသည်။

တည်ငြိမ်လုံခြုံအေးချမ်းအောင် တပ်မတော်က အာဏာရယူခဲ့ရသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်ကို မလိုလားသူများသဖြင့် ဆက်လက်အသက်မရှင်သန်တော့ဘဲ ပျက်ပြယ်သွားရလေသည်။ တပ်မတော်က ပြည်သူ့အများလိုလားတောင့်တကြသော ပါတီစုံဒီမိုကရေစီစနစ်ကို ခေတ်နှင့်အညီ တည်ဆောက်နိုင်ရန် အချိန်ယူ၍ ဆွေးနွေးညှိနှိုင်းကာ အမျိုးသားညီလာခံ ကျင်းပအဖြေရှာခဲ့သည်။

ဒီမိုကရေစီ

ဒီမိုကရေစီစနစ်။ စျေးကွက်ကို အခြေခံသော စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်အဖြစ် ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို စနစ်တကျအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြလေသည်။ နိုင်ငံတော်အေးချမ်းသာယာရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အခြေခံကောင်းများပါရှိနေသဖြင့် ပြည်ပအားကိုးပုဆိန်ရိုးများနှင့် အထူးသဖြင့် ငပွကြီးတို့ လူမိုက်အုပ်စုက လုံးဝမကျေနပ်ခဲ့ချေ။ မမွဲမွဲအောင်၊ မငတ်ငတ်အောင်၊ နာလန်မထူဘဲ ဆင်းရဲတွင်းထဲကျအောင် ဘက်ပေါင်းစုံမှ ညစ်ပတ်ပိတ်ဆို့ပညာပြနိုပ်စက်ထိုးနှက်ခဲ့လေသည်။

> **"နိုင်ငံတော်အစိုးရက မည်မျှစိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၊ မေတ္တာဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကို ပြည်သူ့အများက အပြစ်တင်လာရသည်အထိ အခြေဆိုက်လာပြီ။ ယခုအချိန်သည်ကား ပြည်သူ ပြည်သားအားလုံးကပါ အမြော်အမြင်ရှိစွာဖြင့် (ဘယ်လိုမျှတိုင်းပြည်အကျိုးအတွက် မဖြစ်နိုင်ကြောင်း သိသာထင်ရှားစွာမြင်လာကြပြီးပြီပဲ) ပြည်သူလူထုတစ်ရပ်လုံးက လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သောင်းကျန်းဆူပူနေသူ သူပုန်သူကန်ဟူသမျှကို အမြစ်ပါမကျန် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီနှိမ်နင်းကြရမည့်အချိန် ရောက်နေပေပြီ"**

ဒီမိုကရေစီအစိုးရနှစ်ဆက် တာဝန်ယူနိုင်ခဲ့ကြသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည်ကား မသမာမှု၊ မဲစာရင်းမှားယွင်းမှု၊ အရေအတွက်ဘယ်လိုနည်းနှင့်မျှ ရှေ့နောက်မညီသော မဲလိမ်မဲခိုးမှုများစွာကို အထင်အရှားစစ်ဆေးပေါ်ပေါက်ကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပြန်လေသည်။

ဆန္ဒပြခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ရပ်ဆိုင်းအောင်ပြုလုပ်ခြင်း၊ လျှပ်စစ်တာဝါတိုင်များ၊ တံတားများကို မိုင်းခွဲခြင်း၊ ရထားလမ်း၊ ကားလမ်းများကို ဖျက်ဆီးခြင်း၊ ကျောင်းများ၊ ရုံးများကို ဖျက်ဆီးမီးရှို့ခြင်း၊ ဆရာဆရာမများ၊ ဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ လက်နက်ကိုင်တောခိုပုန်ကန်ခြင်းစသည်ဖြင့် ခွေးလေးပျား တောအနှံ့ လုယက်ဖျက်ဆီး ယုတ်မာရက်စက်နေခဲ့သည်။

နိဂုံး

နိုင်ငံတော်အစိုးရက မည်မျှစိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၊ မေတ္တာဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကို ပြည်သူ့အများက အပြစ်တင်လာသည်၊ အားမလိုအားမရ မကျေမနပ်ခံစားလာရသည်အထိ အခြေဆိုက်လာပြီ။ ယခုအချိန်သည်ကား ပြည်သူ ပြည်သားအားလုံးကပါ အမြော်အမြင်ရှိစွာဖြင့် (ဘယ်လိုမျှတိုင်းပြည်အကျိုးအတွက် မဖြစ်နိုင်ကြောင်း သိသာထင်ရှားစွာမြင်လာကြပြီးပြီပဲ) ပြည်သူလူထုတစ်ရပ်လုံးက လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သောင်းကျန်းဆူပူနေသူ သူပုန်သူကန်ဟူသမျှကို အမြစ်ပါမကျန် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီနှိမ်နင်းကြရမည့်အချိန် ရောက်နေပေပြီ။ ။

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **လူ့ဘောင်သစ်ပါတီ (NSP)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၇ ပါတီ ဖြစ်၍ စုစုပေါင်း ၃၃ ပါတီ ဖြစ်ပါသည်။ ယင်း ၃၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ ရှစ်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၅ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ ပိုက်သည်လမ်း၊ အမှတ်(၆)လမ်းနှင့် အမှတ်(၇)လမ်းကြားတွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်အမျိုးသားပါတီ (Arakan National Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်အမျိုးသားပါတီ (Arakan National Party)၏ အလံပုံစံ

ရခိုင်အမျိုးသားပါတီ (Arakan National Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၆၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]၏ အလံပုံစံ

ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ပုဇွန်သီရိမြို့နယ်၊ ဇေယျဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့် (ဘဲကုန်းမီးပွိုင့်အနီး)၊ စကြာဒီပဇ္ဇီတွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ အလံပုံစံ

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်၊ အာခါစျေးလမ်း၊ အမှတ်(၂၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကျောက်ဖြူခရိုင် ခုတင်(၂၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ မတ် ၂၁ ရက် နံနက် ၉ နာရီတွင် စုပေါင်းသွေးလှူဒါန်းခဲ့ရာ တာဝန်ရှိသူများက ကြက်ဥ၊ အချိုရည်၊ ကွေကာအုပ်များနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့စဉ်။

မြို့နယ်(ပြန်/ဆက်)

ထိုင်းနိုင်ငံ၌ မေ ၁၄ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပမည်

ဗန်ကောက် မတ် ၂၁

ထိုင်းနိုင်ငံသည် မေ ၁၄ ရက်တွင် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပရန် စီစဉ်ထားကြောင်း လွှတ်တော်ဖျက်သိမ်းပြီးနောက်တစ်ရက်ဖြစ်သည့် မတ် ၂၁ ရက်တွင် ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ဝန်ကြီးချုပ်အမည်စာရင်းကို ဧပြီ ၄ ရက်မှ ဧပြီ ၇ ရက်အတွင်း အမည်စာရင်းတင်သွင်းရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဘွန်ပရာကွန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၀ အတွက် လျှောက်လွှာတင်သွင်းရမည့် အစီအစဉ်ကို ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူ ၅၂ သန်းကျော်တို့က အဆိုပါ လွှတ်တော်ကိုယ်စားလှယ် ၅၀၀ ကို မဲပေးရွေးချယ်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ဘုရင်မဟာဗာဂျီရာလောင်ကွန်းသည် ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် တည်ထောင်ခဲ့သည့် လွှတ်တော်အား ဖျက်သိမ်းမည့် ကြေညာချက်တစ်ရပ်ကို မတ် ၂၀ ရက်တွင် ထောက်ခံခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းဆေးဝါး ထုတ်လုပ်မှုအား တိုးချဲ့ရေးဆောင်ရွက်မည်

ဟန္နိုင်း မတ် ၂၁

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုအား ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၈၀ ရာခိုင်နှုန်းအထိ တိုးချဲ့ထုတ်လုပ်သွားရန် အစိုးရက ရည်မှန်းဆောင်ရွက်နေကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ယနေ့ ပြောကြားသည်။

ဆေးဝါးကဏ္ဍတွင် ပြည်ပမှ သွင်းကုန်များအား မှီခိုရခြင်းကို လျှော့ချသွားမည်ဖြစ်ပြီး ပြည်တွင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းအားမြှင့်တင်မည်ဖြစ်သောကြောင့် ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများအား သုတေသနနှင့် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများသည်ပြည်ပမှ လုပ်ငန်းများနှင့် ယှဉ်ပြိုင်နေရကြောင်း ဗီယက်နမ် ဆေးဝါးကုမ္ပဏီအသင်း တာဝန်ရှိသူ Nguyen Dieu Ha က ပြောကြားသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း ဆေးဝါးသုံးစွဲသူများသည် ပြည်တွင်းထုတ်ဆေးဝါး ၄၆ ရာခိုင်နှုန်းကို သုံးစွဲခဲ့သောကြောင့် အထက်ပါ ပမာဏသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း သုံးစွဲသည့် ပမာဏထက် ၁၇ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း သိရသည်။

နိုင်ငံအတွင်း သက်ကြီးရွယ်အို ဦးရေများပြားလာခြင်းနှင့် နေ့စဉ်နေထိုင်မှုပုံစံများ ပြောင်းလဲလာမှုတို့က သွေးတိုးရောဂါ၊ အဝလွန်ရောဂါနှင့် အခြားနာတာရှည်ရောဂါ၀ေဒနာရှင်များ များပြားလာစေသောကြောင့် ပြည်တွင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို တိုးချဲ့ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပညာရှင်များက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ထိုင်းနိုင်ငံ၌ တရုတ်ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းပညာအင်စတီကျူ ဖွင့်လှစ်

ဗန်ကောက် မတ် ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် တရုတ်ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းပညာအင်စတီကျူတစ်ခုကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ယနေ့စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းအင်စတီကျူဖွင့်ပွဲအခမ်းအနားသို့ နှစ်နိုင်ငံတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကာလရှည်ကြာ မိတ်ဆွေများအဖြစ် ရပ်တည်ခဲ့ကြပြီး ထိုင်းနှင့်တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် စက်မှုဥယျာဉ်၌ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ခဲ့ခြင်းကလည်း ထိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုခဲ့ကြောင်း ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာနသက်မွေးပညာကော်မရှင် တာဝန်ရှိသူ Tanu Vongjinda က ပြောကြားသည်။

ယခုအင်စတီကျူအား အမှီပြုကာ တရုတ်ဘာသာစကားနှင့်အသက်မွေးဝမ်းကျောင်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ အကြား ဆက်ဆံရေးတိုးမြင့်လာသည်နှင့်အမျှ တရုတ်ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းပညာရှင်များ လိုအပ်လာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဆိုင်ရာ တရုတ်သံအမတ်ကြီး Han Zhiqiang က ပြောကြား သည်။

အထက်ပါအင်စတီကျူသည် တရုတ်ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုမြှင့်တင်ပေးမည်ဖြစ်ကြောင်း တရုတ်ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဘာသာစကားသင်ကြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Hu Zhiping က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

ယခုနှစ် ပထမနှစ်လအတွင်း တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သိသာစွာတိုးတက်

ပေကျင်း မတ် ၂၁

တရုတ်နိုင်ငံ၏ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ယခုနှစ် ပထမနှစ်လအတွင်း သိသာစွာတိုးတက်လာခဲ့ကြောင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေး အချက်အလက်များအရ သိရသည်။

လေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုမှာ တစ်နှစ်ထက်တစ်နှစ် ကီလိုဝပ် သန်း ၃၇၀ ခန့်အထိ တိုးလာပြီး ဆိုလာစွမ်းအင်မှာ ကီလိုဝပ် သန်း ၄၁၀ ခန့်ရှိကာ နှစ်စဉ် ၃၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံ၏ စုစုပေါင်းဓာတ်အားထုတ်လုပ်နိုင်မှုမှာ ဖေဖော်ဝါရီလကုန်တွင် ကီလိုဝပ် ၂ ဒသမ ၆ ဘီလီယံခန့်ရှိလာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံသည်ပြီးခဲ့သည့်နှစ်များအတွင်းက အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများအား တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ဆိုလာကဏ္ဍတွင် ပထမနှစ်လအတွင်း တရုတ်နိုင်ငံ၏ အဓိကစွမ်းအင်ကုမ္ပဏီများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် ယွမ် ၂၈ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၂ ဘီလီယံခန့်)သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

နိုင်ငံတကာအသိုက်အဝန်းက ငလျင်ဒဏ်ခံခဲ့ရသည့် တူရကီယဲနှင့် ဆီးရီးယားတို့အား ယူရို ခုနစ်ဘီလီယံ အထောက်အပံ့ပေးမည်

ဘရပ်ဆဲလ် မတ် ၂၁

မတ် ၂၀ ရက်တွင် ကျင်းပသော "တူရကီယဲနှင့် ဆီးရီးယားပြည်သူတို့နှင့်အတူ အတူတကွရပ်တည်စို့" ဟူသည့် နိုင်ငံတကာအလှူရှင်များ ကွန်ဖရင့်တွင် ငလျင်ဒဏ်ခံခဲ့ရသည့် တူရကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့အား စုစုပေါင်း ယူရို ခုနစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ) အထောက်အပံ့ပေးရန် နိုင်ငံတကာအသိုက်အဝန်းက ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ဖရင့်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်နှင့် ဆွီဒင်ဝန်ကြီးချုပ် ခရစ္စတာဆန်တို့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ငလျင်ဒဏ်ခံခဲ့ရသည့် ပြည်သူများအား ထောက်ပံ့မှုများပေးရန် နိုင်ငံတကာအသိုက်အဝန်းမှ ကိုယ်စားလှယ် ၆၀ ကျော်တို့သည်လည်း ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လူပေါင်း ၅၀၀၀ ကျော် သေဆုံး

တူရကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့တွင် ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခုနှင့် အခြားသော နောက်ဆက်တွဲ ငလျင်များ လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တူရကီယဲနိုင်ငံအတွက် ယူရို ၆ ဒသမ ၀၅ ဘီလီယံနှင့် ဆီးရီးယားနိုင်ငံအတွက် ယူရို သန်း ၉၅၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရွှေစာရံဘုရားသို့ သွားရောက်သည့်ဘုရားဖူးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦးသေဆုံးမှု"** ခေါင်းစဉ်ဖြင့် ၂၂-၃-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းအား KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော်သုံးပါး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ထက်အောင်ကြိုင်သည် ၎င်းအသုံးပြုသည့် "Htet Aung Kyaing" Facebook အကောင့်နှင့် သဃ်နိုးကျွန်းမြို့နယ် (ခ)ရပ်ကွက်နေ ဦးအေးသိန်း(ခ) မွတ်ဟာမတ်ရှားသည် ၎င်းအသုံးပြုသည့် "U Aye Thein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လက်ပံတန်းမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

လက်ပံတန်း မတ် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး သံဃာဆောင်တွင် ယနေ့နံနက် ၁၀ နာရီက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးမှူးအဖွဲ့မှ ကြီးကြပ်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာထင်ဇော်၊ ဒေါက်တာကျော်ဝေဇော်နှင့် သူနာပြုအဆင့်(၁) ဒေါ်တင်ယုဆွေနှင့် ဆရာမများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဆင့်(လက်ပံတန်း)**

ကော့သောင်းနှင့် ပြင်ဦးလွင်မြို့နယ်တို့၌ မူးယစ်ဆေးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၁

တနင်္သာရီ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ လုံးဖောကျေးရွာအုပ်စု ဆိပ်ဖူးကျေးရွာအနီး အောင်ချမ်းသာ-မာရမ်းကျေးရွာသွား ကားလမ်းပေါ်တွင် သိန်းလွင်(ခ)ဂျွန်ဂို

မအေးရွှေ(ခ)ချစ်မကြီးနှင့် ကျော်နိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ ကိုလည်း ကောင်း။

မတ် ၂၀ ရက် နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာအနီး မိုးကုတ်-ပြင်ဦးလွင် သွားကားလမ်းတွင် ကျော်နိုင် မောင်းနှင်လာသည့် Suzuki Carry DA63T ယာဉ်ကို ရဲတပ်ဖွဲ့ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ မအေးရွှေ(ခ)ချစ်မကြီးကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

■

အုတ်ဖိုမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

အုတ်ဖို မတ် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဦးဆောင်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၁ ရက် နံနက်ပိုင်းက အုတ်ဖိုမြို့ အေးမြသာယာမြို့နယ်ရှိ Kojima Irjo Myanmar Company Limited အထည်ချုပ်စက်ရုံ၌ ကျင်းပခဲ့သည်။

အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (သာယာဝတီမှ တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ် ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါအကြောင်းအရာများနှင့်ပတ်သက်၍ projector ဖြင့်ပြသကာ အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ စက်ရုံအလုပ်သမားအမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၈၈ ဦး စုစုပေါင်း ၁၀၀ တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၉၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၃၅,၈၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၉၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမျူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့မြို့နယ် တောင်ပို့-တောင်ပလောင်-နောင်ဘိုကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ မတ် ၂၁

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးဌာန ကရင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော လှိုင်းဘွဲ့မြို့နယ် တောင်ပို့-တောင်ပလောင်-နောင်ဘိုကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းက နောင်ဘိုကြီးကျေးရွာ လမ်းဆုံရှိ လမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ဖွင့်လှစ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် တာဝန်ရှိသူများက လမ်းအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ၂၀၂၀-၂၀၂၁ ခုနှစ် ရေပိုင်းကာလအထိ ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ကျပ် ၅၉၇ ဒသမ ၃၇၉ သန်းဖြင့် ကျောက်လမ်း လေးမိုင်၊ ငါးပေ Box Culvert နှစ်စင်းနှင့် ပေ ၆၀ တံတားတစ်စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၆၆ ဒသမ ၆၁၄ သန်းဖြင့် ကျောက်လမ်းနှစ်မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အဆင့်မြင့်အားကစားကွင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းနှင့် ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က အဖွင့်ပွဲစဉ်အကောင်းဆုံးအားကစားဆုအား ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၉ ရက်အထိ ပွဲစဉ်ပေါင်း ၁၃ ပွဲဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ညောင်လေးပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ညောင်လေးပင် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာနှင့်ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် လတိုင်း ၂၁ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိရာယနေ့တွင် အမျိုးသား ၅၅ ဦး အမျိုးသမီး ၅၃ ဦးရှိကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်မောင်လွင် (ညောင်လေးပင်)

တန့်ယန်းမြို့နယ်၌ အထက်တန်းနှင့် အလယ်တန်းဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

တန့်ယန်း မတ် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်ဆွေးနွေးပွဲ ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲ ဖွင့်ပွဲတွင် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးက ဆွေးနွေးပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်ဆွေးနွေးပွဲသို့ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ စုစုပေါင်း ၁၇၄ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကို မတ် ၂၄ ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ဟောပြော

ပေါက်ခေါင်း မတ် ၂၁

၂၀၂၃ ခုနှစ် မတ် ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီက ပေါက်ခေါင်းမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးအရာရှိရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ခရိုင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းသူက "လူသားအားလုံး ကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားများ ကျန်းမာရေးအတွက် အကျိုးပြုလျက်ရှိသော သစ်တော သယံဇာတများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကြပါရန်၊ ရာသီဥတု ကောင်းမွန် သာယာမျှတစေရန်၊ စားရေရိက္ခာဖူလုံစေရန်၊ သစ်၊ ထင်း၊ ဝါး လောင်စာစွမ်းအင် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားစေရန်၊ ကျွန်ုပ်တို့အားလုံး သစ်ပင်စိုက်ပျိုးကြပါရန်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ အောင်မြင်စေရန် အတွက် သက်ဆိုင်ရာ အစိုးရဌာနများသာမက ပြည်သူ့အားလုံး ဝိုင်းဝန်း ပူးပေါင်းပါဝင်မှသာ အပြည့်အဝ အောင်မြင်မှုရနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

ရွှေကျင်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

ရွှေကျင် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျွဲတဲရပ်ကွက် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် ယနေ့နံနက် ၉ နာရီမှစ၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးကြောင်း သိရသည်။

ရွှေကျင်မြို့နယ်တွင် ကုသရေးဦးစီးဌာန လက်အောက်ရှိ ခုတင် (၁၀၀)ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်းက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသက်နိုင်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

"ရွှေမြန်မာအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခ၌ ပြသမည်

နေပြည်တော် မတ် ၂၁

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"ရွှေမြန်မာအငြိမ့်"** ဖျော်ဖြေပွဲ အမှတ်စဉ်(၄) ကို ၂၀၂၃ ခုနှစ် မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနက စီစဉ်ပြီး ရွာစားကျော် နိုင်လင်းဗိုလ်ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး စိုးသန္တာဝင်း၊ ရှေ့ထွက်မင်းသမီး သီရိမျိုးစံ၊ လူရွှင်တော်များ ဖြစ်ကြသည့် အာဗြ၊ ရောင်နီ၊ ဝမ်းတူးနှင့် လမုန့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၃-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၄၀	၂၀၉၀	၂၀၈၅	၂၀၅၀	၂၀၉၀	၂၁၁၅	၂၁၀၀	၂၀၇၅	၂၁၇၅	၂၁၉၀	၂၀၈၀	၂၀၉၀	၂၁၂၅	၂၁၃၀	၂၁၃၀	၂၃၆၀	၂၈၁၀
95 Ron	၂၁၃၀	၂၁၈၀	၂၁၇၅	၂၁၃၅	၂၁၇၅	၂၂၀၀	၂၁၈၅	၂၁၆၀	၂၂၆၀	၂၂၇၅	၂၁၇၀	၂၁၈၅	၂၂၁၅	၂၂၁၅	၂၂၁၅	၂၄၄၅	၂၈၈၅
HSD (500 ppm)	၂၀၆၀	၂၁၁၀	၂၁၀၅	၂၀၇၀	၂၁၁၀	၂၁၃၀	၂၁၂၅	၂၀၉၅	၂၂၁၅	၂၂၁၀	၂၁၀၀	၂၁၁၀	၂၁၄၅	၂၁၄၅	၂၁၅၀	၂၃၈၀	၃၁၀၀
HSD (50 ppm)	၂၁၄၀	၂၁၉၀	၂၁၈၅	၂၁၅၀	၂၁၉၀	၂၂၁၀	၂၂၀၅	၂၁၇၅	၂၂၉၅	၂၂၉၀	၂၁၈၀	၂၁၉၀	၂၂၂၅	၂၂၂၅	၂၂၃၀	၂၄၆၀	၃၁၃၀
HSD (10 ppm)	၂၁၄၀	၂၁၉၀	၂၁၈၅	၂၁၅၀	၂၁၉၀	၂၂၁၀	၂၂၀၅	၂၁၇၅	၂၂၉၅	၂၂၉၀	၂၁၈၀	၂၁၉၀	၂၂၂၅	၂၂၂၅	၂၂၃၀	၂၄၆၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၃၆	၂၀၀၉
95 Ron	၂၀၂၀	၂၀၉၄
HSD (500 ppm)	၁၉၅၈	၂၀၂၇
HSD (50 ppm)	၂၀၃၂	၂၁၀၂
HSD (10 ppm)	၂၀၃၂	၂၁၀၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တောကြပ်များ လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ မတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တောကြပ်များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် ၁/၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယခုသင်တန်းသည် ဌာန၏ အဓိကကျသည့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေး ဆောင်ရွက်ခြင်း၊ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ မြေတိုင်းတာခြင်းနှင့်မြေပုံရေးဆွဲခြင်း၊ Photoshop & GPS အသုံးပြုခြင်း စသည့်ဘာသာရပ် ၁၀ ခုအား တောကြပ်ရာထူးအဆင့်အတန်းနှင့် လိုက်လျောညီသည့်လုပ်ငန်းများကို သက်ဆိုင်ရာ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနများမှ လက်တွေ့ဆောင်ရွက်နေကြသည့် လုပ်သက်ရင့်အရာထမ်း၊ အမှုထမ်းများက သင်တန်းနည်းပြဆရာများအဖြစ် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း။

သင်ကြားပို့ချရာတွင်လည်း သင်တန်းသားများနှင့် လျော်ညီသည့် ထိရောက်မည့်ဘာသာရပ်ခေါင်းစဉ်များနှင့် သင်ကြားပို့ချပေးသွားမည်ဖြစ်၍ တောကြပ်ဝန်ထမ်းများအနေဖြင့် နားလည်တတ်သိအောင် ကြိုးစားလေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် ကြုံတွေ့ကြရမည့် အခက်အခဲများကို ဖြေရှင်းနိုင်ကြရန်အတွက်လည်း လေ့လာရင်းသင်ယူ၊ သင်ယူရင်းလေ့လာခြင်းဖြင့် နိုင်ငံတော်၏တာဝန်များကို ကျရာကဏ္ဍအသီးသီးမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စွမ်းစွမ်းတမံထမ်းဆောင်နိုင်ကြသည့် နိုင်ငံ့အဖိုးတန်ဝန်ထမ်းကောင်းများ ဖြစ်လာကြစေရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဇော်ဝင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တောကြပ်များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် ၁/၂၀၂၃ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သွားမည်ဖြစ်ပြီး သင်တန်းကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ဒုတိယဝန်ကြီး ဦးဝင်းရှိန် ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၂၁

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့သို့ရောက်ရှိပြီး ကော့သောင်းမြို့ ရွှေဝက်ဝံတံတားရွှေ့ပြောင်းအလုပ်သမားရုံး၌ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တွေ့ဆုံမှာကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအနေဖြင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ပြည်ပသို့ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရန်နှင့် ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ခွင့် ရရှိနိုင်ရန် တရားဝင်ခွင့်ပြုပေးထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများဖြင့် စေလွှတ်ပေးလျက်ရှိကြောင်း။

အလုပ်သမားများသည် ပြည်ပသို့ မထွက်ခွာမီ ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ကျန်းမာရေးစစ်ဆေးမှုခံယူကာ ကျန်းမာကြောင်းထောက်ခံချက် လက်မှတ်ရယူ၍ ပြည်ပရောက်ရှိက သက်ဆိုင်ရာမြန်မာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ သတ်မှတ်ချက်များနှင့်အညီ သတင်းပို့ရမည့်အပြင် ပြည်ပတွင် အလုပ်ခွင်ထိခိုက်မှုအတွက် ရထိုက်ခွင့်ရှိသည့် လျော်ကြေး၊ နစ်နာကြေး အပြည့်အဝရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအကျိုးဆောင်မှတစ်ဆင့် တောင်းဆိုခွင့်ရှိကြောင်း။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများသည် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ လိုက်နာရမည့် စည်းကမ်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ပြည်ပလုပ်ငန်းရှင်နှင့်ဆက်သွယ်၍ ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသည့် ဝန်ဆောင်ခသာ အလုပ်သမားထံမှ တောင်းဆိုခွင့်ရှိကြောင်း၊ သတ်မှတ်သည့် ဝန်ဆောင်ခထက် ပိုမိုတောင်းခံရယူကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း။

မည်သူမဆို အကျိုးဆောင်လိုင်စင်မရှိဘဲ အကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခုနှစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း။

အလုပ်သမားစေလွှတ်ပေးသည့် အေဂျင်စီနှင့် သွားရောက်မည့်အလုပ်သမားတို့အကြား စေလွှတ်ခြင်းဆိုင်ရာ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုရမည့်အပြင် အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် မြန်မာ/အင်္ဂလိပ်၊ သက်ဆိုင်ရာနိုင်ငံဘာသာတို့ဖြင့် ချုပ်ဆိုရန်နှင့် စည်းကမ်းချက်၊ သတ်မှတ်ချက်များကို အပြည့်အဝနားလည်သဘောပေါက်စေရေးအတွက် အလုပ်သမားများအား ရှင်းလင်းစွာပြောကြားပြီး အလုပ်သမားက သဘောတူညီမှသာ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးစေရမည်ဖြစ်ကြောင်း။

မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ကျွမ်းကျင်အလုပ်သမားများ၊ ခွင့်ပြန်အလုပ်သမားများ၊ အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့်နေထိုင်လုပ်ကိုင်သူများက ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်များ တင်ပြလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ရုံးဖွင့်ရက် နှစ်ရက်မှ သုံးရက်အတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိရာ ပွဲစား/အေဂျင်စီများထံ ဝန်ဆောင်ခအဖြစ် ငွေကြေးအဆမတန်ပေး၍ လုပ်ငန်းအပ်နှံခြင်းမပြုဘဲ OWIC ကတ်ရရှိရေး မိမိကိုယ်တိုင် တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း။

တရားမဝင် သွားရောက်သူများအနေဖြင့် လူကုန်ကူးခံရခြင်း၊ အကြမ်းဖက်ခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်း အန္တရာယ်ရှိပြီး ကျန်းမာရေးနှင့် မည်ညွှတ်သောလုပ်ငန်းခွင်များတွင် လုပ်ကိုင်ရခြင်း တို့နှင့် ကြုံတွေ့ရနိုင်ကြောင်း၊ သို့ဖြစ်၍ အခက်အခဲရှိပါက တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်မြို့နယ်များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရာဖွေရေးရုံးများနှင့် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ Compliants Mechanism Center များသို့ တိုင်ကြားနိုင်ကြောင်း၊ ဥပဒေချိုးဖောက်သူများကို ကာယကံရှင်ကိုယ်တိုင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တိုင်ကြားနိုင်ကြောင်း ပြောကြားသည်။

သတင်းစဉ်

ဟင်္သာတခရိုင်၌ အခြေခံပညာ အထက်တန်း၊ အလယ်တန်းဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

ဟင်္သာတ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ အခြေခံပညာ အထက်တန်း၊ အလယ်တန်းဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဟင်္သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဟင်္သာတခရိုင်ပညာရေးမှူး ဦးတိုးဝင်းက စွမ်းရည်မြှင့်ဆွေးနွေးပွဲ ပြုလုပ်ရခြင်း အကြောင်းအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် အထက်တန်း၊ အလယ်တန်း ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စကားပြောကြားခဲ့သည်။

အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ အခမ်းအနားသို့ ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ဧလွန်၊ လေးမျက်နှာမြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၃၆၉၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ဟင်္သာတမြို့ပေါ်ရှိ အထက်တန်းကျောင်း ငါးကျောင်းနှင့် အလယ်တန်းကျောင်း နှစ်ကျောင်းတို့တွင် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် လေးရက်ကြာ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဇော်(ဟင်္သာတ)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

နွေဦးကာလ မြူထသောခါ

မောင်မောင်ဖြူ

၂၀-၃-၂၀၂၃ ရက်မှအဆက်

"အခုလို ကြံ့တုန်း ကျွန်တော်ပြောပါရစေ။ ကျွန်တော်တို့စီစဉ်တာက ယခု မြို့ပေါ်မှာ ပဲပြုတ်သည် ၁၅ ဦး ရှိတယ်ဆိုပါတော့၊ ဒီပဲပြုတ်သည်ဟာ အများအားဖြင့် ကျွန်တော်တို့တွေ့ဖူးတာက နေ့ပြန်တိုးနဲ့ အလုပ်လုပ်ကြတယ်။ မနက် ၁၀ ဝိ ယူတဲ့အခါ၊ အတိုးနုတ်ပြီး အရင်း ၈ ပဲ ရပါတယ်။ အဲဒီ ၈ နဲ့ ရင်းပြီး ညနေကျတော့ ၁၀ ဝိ ပြန်ပေးရတယ်။ ၁၀ ဝိ မပေးနိုင်ရင် သူအတော်ဒုက္ခရောက်တယ်။ ဒါတွင် မဟုတ်သေးဘူး။ အဲဒီပဲပြုတ်သည်ဟာ ဒီငွေချေးသွားပြီး သွားရောင်းတဲ့အခါ ဈေးဆိုတာ ရောင်းကောင်းတဲ့နေ့ရှိတယ်၊ ရောင်းမကောင်းတဲ့နေ့ရှိတယ်။ ရောင်းကောင်းတဲ့ပဲပြုတ်သည်ဟာ ၁၁ ၊ ၁၂ ဆိုရင် အရင်းပြန်ပေးနိုင်တယ်။ ရောင်းမကောင်းတဲ့ ပဲပြုတ်သည်က ၈ ၊ ၅ လောက်ပဲရတော့ တစ်ဝက်လောက် ကျန်တဲ့ငွေက ဒုက္ခရောက်ရော။ နောက်ဆုံး အရင်းပြုတ်ပြီး လူပါ ကိုးရိုးကားရား ဖြစ်ရတဲ့ဘဝ ရောက်ရတယ်။

"ပဲပြုတ်သည်ဆိုတာက ဥပမာအဖြစ်ပြောတာပါ။ ပဲပြုတ်သည်တွင် မဟုတ်သေးဘူး၊ မုန့်ဟင်းခါးသည်တို့ ဘာတို့လည်းရှိတယ်။ ကျွန်တော်စိတ်ကူးရတာက ဈေးတောင်းခေါင်းရွက် သမဝါယမဖွဲ့စည်းမယ်။ အရင်းအနှီးကို ကျွန်တော်တို့က စိုက်ထုတ်ပေးမယ်။ တစ်ဦးတစ်ယောက်တည်းဆိုရင် ပေးတာ ဆုံးပါးသွားမယ်။ အသင်းအဖွဲ့နဲ့ဆိုရင် ဒီလူက ပျက်သွားရင် ဟိုလူဆီကပြန်ရနိုင်တယ်။

"ဒီတော့ ပဲပြုတ်သည်နမူနာကို ပြန်ပြောပါရစေ။ ပဲပြုတ်သည် ၁၅ ဦးမှာ တစ်ယောက် နှစ်ယောက်က မနက်အစောကြီး ထပြုတ်၊ ကျန်တဲ့လူက ရောင်း။ ပြုတ်တာလည်း အလှည့်နဲ့။ အဲဒီတော့ တစ်ယောက်နှစ်ယောက်ရောင်းဖို့လို့ကျန်ရင် ကျန်တဲ့လူက မျှရောင်း။ အကွက်ချပြီးတော့ဆိုပါတော့ နံပါတ် ၁ အကွက်က အစောကြီးကုန်ပြီး နံပါတ် ၅ က မကုန်သေးဘူးဆိုရင် နံပါတ် ၁ က နံပါတ် ၅ ကို ကူရောင်း၊ အဲဒီလိုမျှမျှတတလုပ်ရင် အလဟဿဖြစ်တဲ့ကိစ္စဟာ အတော်လျော့သွားမယ်။ အလုပ်ကိစ္စနဲ့ ပတ်သက်လို့ ၁၅ ယောက်စလုံး ဒုက္ခရောက်နေတဲ့ကိစ္စကို နှစ်ယောက်က တာဝန်ခံလုပ်လို့ရတယ်။ ယခုတင်က တစ်ယောက်ရှုံးရင် တစ်ယောက်တည်းကခံရတယ်။ ၁၅ ယောက်လုပ်တဲ့အခါမှာ ရှုံးဦးတော့ အရှုံးလည်းသက်သာတယ်။ အကုန်လုံးအကျိုးရှိပါတယ်။ ၁၀ ယောက်လောက်က အကုန်ရောင်းလို့ရတယ်။ ၅ ယောက်က တစ်ဝက်ကျန်နေရင် ရတာကို ပျမ်းမျှပြီး အရှုံးအတူတူ၊ အဲဒီလိုလုပ်ကြရမယ်"

ခင်သန်းဌေးသည် စာကြောင်းများအောက်မှ မျဉ်းသားထားသည့် စာကြောင်းများကိုပါမက ထိုအကြောင်းအရာများ၏ ရှေ့နောက်စကားအဆက်များကိုပါ ဆက်လက်ဖတ်နေပြန်လေသည်။

ခပ်လှမ်းလှမ်းရှိ ယောဂီဝတ်ပုဂ္ဂိုလ်မှာ မရှိတော့ပေ။ လေသည် တသုတ်သုတ် တိုက်ခတ်လျက်ရှိ၏။ လိုဏ်ဂူတော်ဘက်ဆီမှ ခေါင်းလောင်းထိုးသံသည် သာယာစွာဖြင့် ပျံ့လွင့်လာပြန်သည်။

"ဒီမိန့်ခွန်းအရဆိုရင်တော့ တောင်သူလယ်သမားတွေနဲ့ လက်လုပ်လက်စားတွေအဖို့ အားရစရာကြီးပဲနော်"

ခင်သန်းဌေးက လှိုက်လှဲစွာဖြင့် ထောက်ခံရင်းဆိုလိုက်လေသည်။

"ဒါကြောင့်မပြောလား။ ကျွန်တော် လုပ်မယ်ဆိုတာက တိုင်းပြည်ရဲ့ အခြေအနေပါ ထည့်တွက်ပြီးမှ သွားလုပ်မယ်လို့ ရည်ရွယ်တာပေါ့"

ကိုအေးဆွေကလည်း ခင်သန်းဌေးက လိုလိုလားလားထောက်ခံလာ၍ အားရစွာဖြင့် ရင့်ကျူးလိုက်သည်။

"ဒါပေမဲ့ ကိုအေးဆွေ၊ ရှေ့လောမကြီးပါနဲ့။ စဉ်းစားပါဦး၊ အခြေအနေကိုလည်း စောင့်ကြည့်ပါဦး။ ဒါနဲ့ နေစမ်းပါဦး၊ ဒီစုပေါင်းလုပ်ငန်းကို လုပ်မယ်ဆိုတော့ ကိုအေးဆွေက ခေါင်းဆောင်လုပ်မှာလား"

"ကျွန်တော်ပဲ ခေါင်းဆောင်လုပ်ရမှာပေါ့ဗျာ"

ထိုအခိုက် နောက်ဘက်ဆီမှ စကားပြောသံလိုရုတ်တရက် သဲ့သဲ့ကြားလိုက်သဖြင့် ကိုအေးဆွေတို့ နှစ်ဦးစလုံးမှာ အသံလာရာဘက်ဆီသို့ လှည့်ကြည့်လိုက်မိကြသည်။ ငယ်ရွယ်သောလုလင်ပျိုနှင့် လုံမပျိုစုံတွဲကို တွေ့ရသည်။ ကြည်နူးရွှင်ပျနေသော ဟန်ပန်လေးများဖြင့် စကားပြောလျက်လာသည်ကို တွေ့ရသည်။ သို့သော် သူတို့သည် ကိုအေးဆွေတို့အား တွေ့လိုက်၍လားမသိ၊ တခြားဘက်သို့ ရှောင်ထွက်သွားကြသည်။ ဤအခြင်းအရာကို ကြည့်၍ ခင်သန်းဌေးနှင့် ကိုအေးဆွေတို့မှာ အဓိပ္ပာယ်ပါသောအကြည့်များနှင့် တစ်ဦးနှင့်တစ်ဦး ရုတ်တရက်ကြည့်လိုက်မိကြသည်။ ပြီးမှ ခင်သန်းဌေးက ပြတ်သွားသောစကားကို ဆက်လိုက်သည်။

"ဒီလိုမေးတာက ကိုအေးဆွေကို အထင်သေးလို့ မဟုတ်ဘူးနော်။ ဘာကြောင့်ဆိုရင် အများနဲ့လုပ်ရတာက မလွယ်လို့ပါ။ အဖွဲ့အစည်းတစ်ခုကို ခေါင်းဆောင်လုပ်ရတယ်ဆိုတာ အပြောမှာ လွယ်သလောက် လက်တွေ့ခက်တယ် ကိုအေးဆွေ"

သို့ဖြင့် ခင်သန်းဌေးသည် ကိုအေးဆွေအား ကျိုးကြောင်းပြ၍ တားမြစ်လေသည်။ ကျောက်ပန်းတောင်းနယ်ရှိ ထန်းသမားများမှာ တိုးတက်သောအယူအဆ မရှိကြသေးသည့် ခေတ်မမီကြသေးသော သမားရိုးကျ ထန်းသမားများသာရှိသေးကြောင်း၊ ထို့ကြောင့် စတင်တီထွင်လုပ်မည့် စုပေါင်းထန်းလုပ်ငန်းကို လက်ခံကြမည်မထင်ကြောင်း၊ လက်ခံပြုလုပ်စေကာမူ ခဏနှင့်ပင် ညစ်ပတ်မှုရှိလာပြီး ပျက်သွားမည်ဖြစ်ကြောင်း၊ နောက်ပြီး ကိုအေးဆွေမှာ လက်တွေ့မရှိသေးသောသူဖြစ်ပြီး စာတွေ့နှင့် စိတ်ကူးယဉ်လောက်သာ ရှိသေးကြောင်း၊ အကယ်၍ လက်တွေ့လုပ်ဆောင်လာမည်ဆိုလျှင်လည်း စတင်တီထွင်လုပ်ရခြင်းဖြစ်၍ အခက်အခဲများနှင့် မုချရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ဤအခက်အခဲများကို ကိုအေးဆွေကသာ ခေါင်းဆောင်လုပ်ကိုင်သူဖြစ်၍ ကိုအေးဆွေကပင် ပြေလည်အောင် ဒိုင်ခံရှင်းရမည် ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ထိုကြောင့် အရေးကိစ္စကြံ့လာသည့်အခါ အကြံအား ဉာဏ်အား ပေးမည့်သူလိုကြောင်း စသည်ဖြင့် ခင်သန်းဌေးက ကိုအေးဆွေအား ရှေ့လောတကြီးမလုပ်မိရန်၊ စဉ်းစားရန်တို့ကို တင်ပြဆွေးနွေးလာလေသည်။

"ဌေးဌေးပေးတဲ့ အကြံဉာဏ်တွေကို ကျွန်တော် လက်ခံပါတယ်။ ဒါတွေကိုလည်း ကျွန်တော် စဉ်းစားပြီးပါပြီ။ တကယ်တော့လည်း ကျွန်တော့်အနေနဲ့ လုပ်ချင်တာသာရှိတာ၊ တကယ့်တကယ်ကျတော့ လက်တွေ့မရှိ၊ စာတွေ့လည်း ရှိသေးတာမဟုတ်ပါဘူး။ ဆရာကြီး ဦးလှဒင်ကျောင်း နေတုန်းကသာ ဆရာကြီးက ခဏခဏ စုပေါင်းစိုက်ပျိုးရေးတို့၊ စုပေါင်းမွေးမြူရေးတို့၊ စုပေါင်းရောင်းဝယ်ရေးတို့ စတဲ့ စုပေါင်းလုပ်ငန်းတွေအကြောင်းကို သူအားလပ်တဲ့အချိန်တိုင်း ဗဟုသုတအဖြစ် ပြောပြခဲ့ဖူးလို့ နားရည်ဝပြီး နားယဉ်နေတာ"

ဤသို့ဖြင့် ကိုအေးဆွေသည် ဆရာကြီးဦးလှဒင်အကြောင်းကို ပြောပြလေသည်။ ခင်သန်းဌေးတို့အမြင်တွင် ဆရာကြီးမှာ ကျောင်းဆရာကြီးတစ်ယောက်အနေဖြင့် မြင်နေရသော်လည်း အမှန်မှာ ဆရာကြီးသည် ကားလ်မတ်၊ အိန်ဂျဲ၊ လီနင်၊ စတာလင်၊ မော်စီတုန်း စသော လက်ဝဲခေါင်းဆောင်များရေးသည့် စာအုပ်စာတမ်းများကို လေ့လာဆည်းပူးကာ ဆိုရှယ်လစ်စနစ်ကို ယုံကြည်သက်ဝင်ပြီး နှစ်သက်နေသူဖြစ်ကြောင်း၊ အရင်းရှင်စနစ်ကို ရွံမုန်းနေသူဖြစ်ကြောင်း၊ ထိုကြောင့် ဆရာကြီးမကြာခဏ ပြောပြလေ့ရှိသော စုပေါင်းလုပ်ငန်းများ အကြောင်းနှင့် ယနေ့ တော်လှန်ရေးအစိုးရ၏ ဆိုရှယ်လစ်စီးပွားရေးစနစ် လမ်းစဉ်မှာ အတူတူဖြစ်နေသည်ကို တွေ့ရှိလာသဖြင့် ဆရာကြီးဦးလှဒင်ထံသို့ စုပေါင်းထန်းလုပ်ငန်း လုပ်ချင်သည်ကို စာရေးအကြောင်းကြားခဲ့ကြောင်း၊ ဆရာကြီးကလည်း ယင်းကဲ့သို့ မောင်အေးဆွေ လုပ်ချင်ကြောင်း သိရ၍ ဝမ်းသာချီးကျူးကြောင်း၊ အကြံဉာဏ်ပါမက လူအားပါ အစွမ်းကုန်ကူညီ ပါမည်ဖြစ်ကြောင်းနှင့် စာပြန်လာကြောင်း စသည်ဖြင့် ကိုအေးဆွေက ခင်သန်းဌေးအား ရှင်းပြလေသည်။

"ဒါကြောင့်မို့လို့လည်း ကျွန်တော်က ရဲရဲဝံ့ဝံ့ ပြန်ပြီးလုပ်မယ်လို့ ပြောတာပေါ့"

"ဪ၊ ဒီလိုကိုး။ ဒီလိုဆိုတော့ကိုအေးဆွေဟာက ဌေးဆီကို အကြံဉာဏ်တောင်းဖို့ လာတာမှမဟုတ်ဘဲ။ နှုတ်ဆက်ဖို့လာတာကို။ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီးသားပဲ၊ ကိုအေးဆွေဥစ္စာက"

ခင်သန်းဌေးက ကိုအေးဆွေအား မေးကလေးထိုး၍ မျက်လုံးလေးပြူးကြည့်ရင်း ခပ်ငေါ့ငေါ့လေး ဆိုလိုက်သည်။

"သို့ပေမဲ့ ဒီလို ဌေးဌေးနဲ့ တိုင်ပင်ကြည့်တော့ကော မှားလို့လား"

"မှားတော့ မမှားပါဘူး'

"မမှားပါဘူး ဌေးဌေး။ တိုင်ပင်သင့် တိုင်ပင်ထိုက်တဲ့သူမို့ လာပြီးတိုင်ပင်ဆွေးနွေးတာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အဖို့ အကျိုးပြုမယ့် အကြံဉာဏ် ဝေဖန်ချက်တွေကတော့ ထွက်လာမှာပဲ။ ခုပဲ ရလာပြီ မဟုတ်လား။ နောက်ပြီး ခုလုပ်ငန်းက တစ်ကိုယ်ကောင်းလုပ်ငန်းမှမဟုတ်ဘဲ။ နောင်ခါမှာ တစ်တိုင်းပြည်လုံးနဲ့ချီပြီး ထွန်းကားကျင့်သုံးလာမယ့် စနစ်တစ်ခုပဲဟာ။ ခုပဲကြည့်လေ၊ လယ်မဲ့ ယာမဲ့ အလုပ်လက်မဲ့တွေအတွက် သမဝါယမ ဘုံရွာတွေ တည်ပေးပြီးတော့ အဲဒီရွာမှာနေတဲ့သူတွေဟာ စုပေါင်းစိုက်၊ စုပေါင်းမွေးမြူ၊ စုပေါင်းလုပ် ရလာတဲ့ အကျိုးအမြတ်ကိုလည်း အားလုံးမျှဝေယူဆိုတဲ့ ဆိုရှယ်လစ်စနစ်ရဲ့ အခြေခံကျင့်သုံးမယ့် စံပြ သမဝါယမကျေးရွာတွေတောင် တည်ပေးနေပြီ။ မကြာမီ လူတွေချပေးတော့မယ်လို့ ကြားနေရပြီ။ ကဲ ထားပါလေ၊ ဒါက အစိုးရရဲ့ လုပ်ဆောင်ချက်တွေပါ။ အမှန်က ကျွန်တော့်မှာ အဓိကရည်ရွယ်ချက် တစ်ခုရှိတယ်"

အလေးအနက်ထား၍ ဆိုလိုက်သော ကိုအေးဆွေ၏ နောက်ဆုံးစကားကြောင့် ခင်သန်းဌေးမှာ အတော် စိတ်ဝင်စားလာသည်။

"ဘာလဲဆိုရင် စောစောက ကျွန်တော်ပြောခဲ့သလို ခုခေတ် ပညာတတ်လူငယ်လေးတွေဟာ ခေတ်ပညာလေး အတော်အသင့်တတ်လာပြီဆိုရင် စာရေးစာချီ ရာထမ်းမှုထမ်း လခစားအလုပ်ကလွဲလို့ တခြားအလုပ် မလုပ်တတ်ဘူး။ တီထွင်လုပ်ရကောင်းမှန်းလည်း မသိဘူး။ ကျွန်တော်က အဲဒီလို ခေတ်ပညာတတ် လူငယ်လေးတိုင်း မျှော်မှန်းနေတဲ့ သမားရိုးကျရည်ရွယ်ချက်ကို တော်လှန်ပစ်ချင်တယ်။ ငါ ပညာတတ်လာတာဟာ သူတစ်ပါးထံမှာ လခစားအလုပ် လုပ်ဖို့မဟုတ်ဘူး။ ခေတ်ပညာတတ် လူတစ်ယောက်ဟာ မြို့ပေါ်မှ အလုပ်လုပ်လို့ရတာ မျိုးမဟုတ်ဘူး။ တောမှာလည်း ဟောဒီလို ဟောဒီလို လုပ်လို့ရတယ်။ ကိုယ့်အကျိုး၊ လူထုအကျိုး၊ တိုင်းပြည်အကျိုးကိုပါ တကယ်ဖြစ်ထွန်းနိုင်တယ် ဆိုတဲ့ အလုပ်တွေ၊ လုပ်ငန်းတွေရှိတယ်ဆိုတဲ့ အကြောင်းကို လက်တွေ့ပြချင်လို့"

ဆက်လက်ဖော်ပြပါမည်။

"ခုခေတ် ပညာတတ်လူငယ်လေးတွေဟာ ခေတ်ပညာလေး အတော်အသင့်တတ်လာပြီဆိုရင် စာရေးစာချီ ရာထမ်းမှုထမ်း လခစားအလုပ်ကလွဲလို့ တခြားအလုပ် မလုပ်တတ်ဘူး။ တီထွင်လုပ်ရကောင်းမှန်းလည်း မသိဘူး။ ကျွန်တော်က အဲဒီလို ခေတ်ပညာတတ်လူငယ်လေးတိုင်း မျှော်မှန်းနေတဲ့ သမားရိုးကျရည်ရွယ်ချက်ကို တော်လှန်ပစ်ချင်တယ်။ ခေတ်ပညာတတ်လူတစ်ယောက်ဟာ မြို့ပေါ်မှ အလုပ်လုပ်လို့ရတာမျိုး မဟုတ်ဘူး။ တောမှာလည်း ဟောဒီလို ဟောဒီလို လုပ်လို့ရတယ်။ ကိုယ့်အကျိုး၊ လူထုအကျိုး၊ တိုင်းပြည်အကျိုးကိုပါ တကယ်ဖြစ်ထွန်းနိုင်တယ် ဆိုတဲ့ အလုပ်တွေ၊ လုပ်ငန်းတွေရှိတယ်ဆိုတဲ့ အကြောင်းကို လက်တွေ့ . . ."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

အလုံမြို့နယ်၌ (၃၈)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် (၃၈)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက အလုံမြို့နယ် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်ရှိ ဆွမ်းစားဆောင်၌ ပြုလုပ်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အလုံမြို့နယ် သြဝါဒါစရိယ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဌေးကြွယ်က ဆရာတော်၊ သံဃာတော်များထံ သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး မြို့နယ်သြဝါဒါစရိယဆရာတော်ကြီးများနှင့် ကြီးကြပ်ဆရာတော်ကြီးများအား တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော်အရှင်သူမြတ်တို့အား ဝတ္ထုဒွေနှင့်စာအောင်လက်မှတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဌေးကြွယ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်

တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆက်ကပ်လှူဒါန်းကြပြီး အလုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသုဇာတထံမှ အနုမောဒနာတရားနာကြားခဲ့ကြောင်း သိရသည်။ **မောင်မောင်(လျှပ်စစ်)**

အထက်တန်းနှင့် အလယ်တန်း(ခရိုင်အဆင့်) ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း(ခရိုင်အဆင့်) ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်မွမ်းမံသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အထက(၁) ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးတင်ထွန်း၊ အဂတိလိုက်စားမှုကော်မရှင်အဖွဲ့ဝင် ဦးသန်းထွဋ်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျောက်တံတားခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်မာလာရီက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသို့ ဆရာ ဆရာမ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

✪ မြန်မာအသင်းမှ

မြန်မာ့လက်ရွေးစင်အသင်းအတွက် မတ် ၂၂ ရက်တွင် အိန္ဒိယအသင်းနှင့်ကစားမည့်ပွဲမှာ နည်းပြသစ် ဖိုက်အွန်ဘိုင်နာ ပထမဆုံးကိုင်တွယ်ရမည့်ပွဲ လည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲများအတွက် ပြင်ဆင်ချိန်အနည်းငယ်သာရရှိမည်ဖြစ်ပြီး ထိုင်းကလပ်များတွင် ကစားနေသူများမှာ မတ် ၂၁ ရက်မှသာ အသင်းနှင့် စတင်လေ့ကျင့်နိုင်ခြင်းဖြစ်သည်။ **ကိုညီလေး**

ခရမ်းမြို့၌ ငါးမွေးမြူရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်

နေပြည်တော် မတ် ၂၁

ငါးမွေးမြူရေးနည်းပညာပေးသင်တန်းကို မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ခရမ်းမြို့နယ် ကျွဲတလင်းကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်၊ လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့်ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ပြီး ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်က ငါးမွေးမြူရေးနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ကျောဖုံးမှ

လက်ရှိအချိန်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းက ပြိုင်ပွဲစုံ ၁၂ ပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နည်းပြပက်ထရစ်ဗီယဲရာကို ထုတ်ပယ်လိုက်ပြီး ရွိုင်းဟော့ဂ်ဆန်ကို ပြန်လည်ခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၇၅ နှစ်အရွယ် ရွိုင်းဟော့ဂ်ဆန်ဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ မေလအထိ ဝက်ဖြိုဒ်အသင်းနည်းပြအဖြစ် ကိုင်တွယ်ခဲ့ပြီး ဝက်ဖြိုဒ်အသင်း ချန်ပီယံရှစ်ကို တန်းဆင်းခဲ့ပြီး အသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလီဂ်အဆင့် ၁၂ နေရာမှာ ရပ်တည်နေပေမယ့် အမ်းမရိတ်မှာ အာဆင်နယ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး တန်းဆင်းဇုန်အထက် သုံးမှတ်အကွာမှာပဲ ရှိနေတာဖြစ်ပါတယ်။ **ငွေကြယ်**

✪ Jenesys U-17 Women's မှ

မြန်မာအသင်းသည် အဆင့် ၅ နေရာလုပွဲအဖြစ် ဂျပန်ကလပ် အိုကီနာဝါအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းတွင် ရှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုး သွင်းယူ ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် အိမ်ရှင်ဂျပန် ယူ-၁၇ အသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယ၊ စင်ကာပူအသင်းက စတုတ္ထ၊ မြန်မာအသင်းက အဆင့် ၅၊ အိုကီနာဝါ(ဂျပန်)က အဆင့် ၆၊ ကမ္ဘောဒီးယားအသင်းက အဆင့် ၇၊ လာအိုအသင်းက အဆင့် ၈၊ မလေးရှားအသင်းက အဆင့် ၉၊ ဖိလစ်ပိုင်အသင်းက အဆင့် ၁၀၊ အင်ဒိုနီးရှားအသင်း က အဆင့် ၁၁၊ တီမောအသင်းက အဆင့် ၁၂ နေရာရရှိခဲ့သည်။

Jenesys U-17 Women's Football Memorial Cup ပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - (၂၁)

ဒေါ်လှလှမြင့် ---------- **တရားလို**

နှင့်

ဦးခင်လှိုင် ---------- **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(ဖ)လမ်း၊ အမှတ်(၁၀၃/က)နေ တရားပြိုင် ဦးခင်လှိုင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋ္ဌိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၃)ရက်၊ (၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သန္တာညွန့်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၀၊ မြေကွက်အမှတ်- ၁၊ ဧရိယာ(၁.၂၀၀)ဧကရှိ မြေပိုင်မြေ မစိုက်ပျိုးမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (၂၆ခ/၂၅'x၅၀') အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၆၊ ရတနာ၁လမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သည့် အာစီ(၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၆၉၇၉/၂၀၂၂ အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်စုအောင် [၁၂/ကမရ(နိုင်)၀၅၂၅စ၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆိုဖီယာနင်းမွန် [၂/လကန(နိုင်)၀၄၄၅၇၁]က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်သဖြင့် ယင်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၀၈)
အမှတ်-၁၀/၁၂ ပထမထပ်၊ (ဘီ-၂)။ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၄၅၃၁၁၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ကဘဲ့၊ မြေကွက်အမှတ်-၈၀၊ အကျယ်အဝန်း(၉၀'×၃၂')ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ မာလာမြိုင်လမ်းသွယ်၊ အမှတ်(၆၀)ဟု ခေါ်တွင်သောနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်အကျိုးခံစားခွင့်ရလျက်ရှိကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှမြင့်(၁၂/ရကန(နိုင်)၀၂၇၈၇၀)(အေဒီ-၀၁၈၀၈၄)က နည်းလမ်းတကျစာချုပ်ချုပ်ဆို၍ လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေကလည်း၀ယ်ယူရန် သဘောတူသည့်အတွက် အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေပိုင်မြေကွက်နှင့်နေအိမ်တို့နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံတင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ
ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆/၁၉၈၉)
ဒေါ်ယုယုမော် (စဉ်-၁၃၃၀/၂၀၁၅) ဒေါ်ယဉ်ယဉ်အေး (စဉ်-၁၃၃၂/၂၀၁၅)
တရားလွှတ်တော်ရှေ့နေများ
မုံ -အခန်း(၃၀၀/၁) တိုက်(၉/၁၁) ဒုဖ-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉ ၇၉၈၄၅၅၈၄၀၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၃၊မြေကွက်အမှတ်-၂၃၈/က၊ ဧရိယာ(၀.၀၂၇)ဧက၊မြေကွက်တည်နေရာအမှတ်(၂၃၈/က)၊ရေဖြူလမ်း၊(၁၀)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၌ဦးမြသောင်း(NMK-068790)(၁၂/ရကန(နိုင်)၀၃၃၅၄၄)နစ်(၆၀)ဂရန်မြေအားအမည်ပေါက်ထံမှအထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၁၃၇/၂၇-၁၀-၂၀၂၂ဖြင့်ရရှိသူဦးကျော်ဇင်မိုး(၁၂/ရပသ(နိုင်)၀၆၅၅၆)မှ၁၉,၉,၉,၉ရေနှစ်တွင်ဘဏ်ချေးငွေပေးပုံထုတ်ယူခဲ့ကြောင်း၊ အဆိုပါဘဏ်ချေးငွေပေးပုံမှာထုတ်ယူထားခြင်းသာရှိပြီးထုတ်ယူပြီးစဉ်ကတည်းက မည်သည့်ဘဏ်တွင်မှချေးငွေထုတ်ယူခဲ့ခြင်းမရှိဘဲအမှန်တစ်ကယ်ပျောက်ဆုံးနေသည်မှာမုန်ကန်ပါကြောင်း၅-၁-၂၀၂၃ရက်နွဲဖြင့်ကျိန်ဆိုထားသည့်တရားရုံးကိုယ်တိုင်ကျမ်းကျိန်လွှာ၊ပေါ်ဝါ၊ပေါ်ဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါ၀ါရုပ်သိမ်းထားခြင်းမရှိကြောင်း၉-၁၁-၂၀၂၂ရက်နွဲဖြင့်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (ဖ)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၇၇)နေ ဒေါ်အေးအေး (ခ) Chow Weng hong [၁၂/ဥကတ(ပြု)၀၀၀၁၇၁]သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူရင်းပိုင်ရှင်ဖြစ်ပါသည်-

STT

စာချုပ်အမှတ်- ၂၅၉၈၀/၂၀၁၉

အထက်ဖော်ပြပါ "STT" လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ကြေးအိုး၊ ဆီချက်နှင့် စားသောက်ဆိုင်လုပ်ငန်းများကို ရုံးခန်း၊ ဆိုင်ခန်းများဖွင့်လှစ်ပြီး ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ ဆင်တူယိုးမှား တုပမှီငြမ်းသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်ကိုကိုဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၄၇၄)
တိုက်(၁)၊ ကွင်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၆၉၄၆၀၊ ၀၉-၈၆၃၀၂၁၀

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၇၂၀	-
၂။	သာသနာ့ဝိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၁)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၄၄ သိန်း	၄၀၈၅၆ သိန်း
၃။	သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၅	၁
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၂ တိုင်	၇ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှၨီစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၃ ခန်း	၃၆၂ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၄၄ ခု	၅၀၈ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျပ်နှုန်း	၈. ၅၀	၇၅၇၆. ၃၅ ကျပ်း	-	၇၅၇၆. ၃၅ ကျပ်း
၁۷။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျပ်း	၂၉ ကျပ်း	၁၈၉. ၁၄ ကျပ်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျပ်း	-	၈၄၇၃ ကျပ်း
၁၉။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၄၅ သိန်း	၁၇၃၈၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အတင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျပ်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၇၂. ၀၀	၁	-	၁
၂၀။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၂၁၉. ၀၀	၁၂၃ ခု	-	၁၂၃ ခု
၂၁။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂. ၅၀	၅၀၀ စုံ	၁၅၉ စုံ	၃၄၁ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြီတင်လှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၇၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘာဇလာဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၂၁၆

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

ပိဋကတ်ကျောက်စာမမွေစေတီတော်

စဉ်	အမည်	အလှူငွေ (ကျပ်)
၃၉၈၆။	ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး-ငြိမ်း) လျှပ်စစ်ခွမ်းအင်ဝန်ကြီးဌာန)+ဒေါ်နီနီ မိသားစုကောင်းမှု (မမွေစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
၃၉၈၇။	နှစ်ဖက်အဘိုးအဘွားမိဘများအားအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီး သီရိပုံ့ချီမြင့်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မြဦး၊ (သား)ဗိုလ်မှူးဖြူးဇင်ဝင်း၊ (သမီး)မဆုသစ်ထူး၊ (မြေး)မရတနာဖြိုးသစ်၊ (သမီးငယ်)မမေသက္ကြိန်ဦးမိသားစုကောင်းမှု (မမွေစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
၃၉၈၈။	ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ကေသွယ်ခင် မိသားစုများကောင်းမှု (မမွေစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
